ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (23-8-2011) (၆၈၆၀)

ပြည်သူ့အစိုးရ ဖြစ်နေပြီဖြစ်တဲ့အတွက် ပြည်သူလူထုအကျိုးစီးပွားဦးထိပ်ထား

ပြည်သူလူထုစိတ်ကျေနပ်မှု၊ ပြည်သူလူထု စိတ်ချမ်းသာမှုကို ထမ်းဆောင်ကြတဲ့ ပြည်သူတစ်ရပ်လုံး အားထားမှု ခံယူထိုက်တဲ့ ဝန်ထမ်းကောင်းများဖြစ်လာအောင် ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပြီ

ခေတ်ပြောင်းနေပြီဖြစ်တဲ့အတွက် စနစ်ကိုပါပြောင်းလဲနိုင်ရေး ကြိုးပမ်းရာမှာ လုပ်နည်းလုပ်ဟန်တွေ၊ ကြိုးနီစနစ် ဆက်လက်စွဲကိုင်ထားသူတွေ၊ တာဝန်သိမှု၊ တာဝန်ယူမှုကင်းမဲ့ပြီး အဂတိလိုက်စားမှုများ ထိရောက်စွာ အရေးယူသွားမည်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲများကို အေးချမ်းအောင်မြင်စွာ ကျင်းပပြီးစီးပြီးနောက် ပထမအကြိမ် လွှတ်တော်အရပ်ရပ်ရဲ့ အစည်းအဝေးတွေကို အောင်အောင်မြင်မြင် ခေါ်ယူကျင်းပနိုင်ခဲ့ပါတယ်။ ဤလွှတ်တော်ကြီးက ကျွန်တော့်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရပြီးနောက် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဆင့်ဆင့်ကို ဖွဲ့စည်းထူထောင်ထားရှိပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဩဂုတ် ၂၂

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၆၀၀ ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားရာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီးများလည်း ပြည်ထောင်စုလွှတ်တော် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ○

The Mirror

၂၃-၈-၂၀၁၁
(အင်္ဂါနေ့)

ဘာသာရပ်စုံ အဆင့်စုံ ပါဝင်ယှဉ်ပြိုင်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများဖြင့် ခုံခုံထည်ထည်ဖြစ်တည်နေခြင်းသည် ယင်းနိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားထည်ဝါမှုကို ဖော်ညွှန်းပြသနေခြင်းဖြစ်သည်။

နိုင်ငံတကာအလယ်တွင် နိုင်ငံနှင့်လူမျိုး ထည်ထည်ဝါဝါ ရပ်တည်နိုင်ရန်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အစဉ်အလာများ၊ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် နိုင်ငံသားတိုင်းက အလေးထား ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။ မြန်မာ့အတွေးအမြင်၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာ လူမှုတန်ဖိုးနှင့် လူမှုကျင့်ဝတ်များကို ဆက်လက်ထိန်းသိမ်းဖော်ထုတ် မြှင့်တင်သွားကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အရေးပါသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ ဂီတသုခုမအနုပညာရှင်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရန် တာဝန်ရှိသကဲ့သို့ တစ်ဖက်ကလည်း တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ ဆန်းသစ်တီထွင်သွားကြရန် လိုအပ်ပေသည်။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရန် နီးကပ်လာပြီ ဖြစ်သည်။ နိုင်ငံတော်အဆင့်ပြိုင်ပွဲဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သက်ဆိုင်ရာအစိုးရအဖွဲ့များအနေဖြင့် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် အလေးထားဆောင်ရွက်ကြရပေမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပညာရှင်များ လာရောက်၍ ပညာဖြန့်ဝေကူညီသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင် ဘာသာရပ်အစုံ၊ အဆင့်အစုံ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ယခုအခါ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်နေကြပြီ။ အဆို၊ အက၊ အရေး၊ အတီး၊ ပြဇာတ်၊ ကွက်စိပ်၊ ဇာတ်သဘင်၊ ရုပ်သေးနှင့် ခေတ်အကြိုက်တေးသီချင်း ဘာသာရပ်အလိုက် အကဲဖြတ်အဖွဲ့တို့က ပြိုင်ပွဲတိုင်းအတွက် အစီအစဉ်များ ချမှတ်လုပ်ဆောင်လျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့အက အနုပညာများ ဖော်ထုတ်ယှဉ်ပြိုင်သွားကြရန် လိုအပ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အနုပညာရှင်များအားလုံးက အရိုးပေါ်အရွက်မဖုံးစေဘဲ မြန်မာ့မူဟန်မပျက် တီထွင်ဆန်းသစ်ကကြိုးကကွက်များဖြင့် ဘာသာရပ်စုံ၊ အဆင့်စုံပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးလှမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae -Yong သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့တော်ခန်းမရှိ မြို့တော်ဝန်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၅၄၂	၀. ၀၃၃၅၀
တရုတ် (ယွမ်)	၆. ၄၀၃၇၉	၀. ၁၅၆၁၆
အိန္ဒိယ (ရူပီး)	၄၅. ၆၆၅၀	၀. ၀၂၁၉၀
မလေးရှား (ရင်းဂစ်)	၂. ၉၆၅၅၂	၀. ၃၃၇၂၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၇၃၃	၀. ၈၂၈၂၈
ဂျပန် (ယန်း)	၇၆. ၇၇၇၂	၀. ၀၁၃၀၂
တောင်ကိုရီးယား(ဝမ်)	၁၀၇၉. ၉၃	၀. ၀၀၀၉၃
ယူရို	၀. ၆၉၄၆၅	၁. ၄၃၉၅၈
ဗြိတိသျှ (ပေါင်)	၀. ၆၀၇၀၆	၁. ၆၄၇၂၈

အင်တာနက်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ် အိုဟေးကွင်တားနားနှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများအား လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့် အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား နေပြည်တော်ရှိ ပြည်ထောင်စုတရားသူကြီးချုပ်၏ ဧည့်ခန်းမ၌ လည်းကောင်း၊ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ပြည်ထောင်စု ရှေ့နေချုပ်၏ ဧည့်ခန်းမ၌လည်းကောင်း၊ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လည်းကောင်း သွားရောက်တွေ့ဆုံဆွေးနွေးသည်။

ညနေပိုင်းတွင် မစ္စတာ သောမတ် အိုဟေး ကွင်တားနားနှင့်အဖွဲ့သည် နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဦးစစ်အေး၊ ဦးဆက်အောင်နှင့် ဦးနေဇင်လတ်တို့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပကတိဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

သံလွင်မြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၂

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၃၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၃ စင်တီမီတာ (၂ ဒသမ ၇ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၌ ပညာသင်ကြားခဲ့ကြသော ၁၉၇၉ ဘူမိဗေဒ နောက်ဆုံးနှစ် ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဦးတိုးအောင်မြင့် ဖုန်း-၀၉-၈၃၀၃၂၁၇၊ ၀၆၇-၄၀၈၀၀၂၊ ဦးဝင်းခိုင် ဖုန်း-၀၉-၅၁၆၀၀၆၉၊ ၀၁-၆၆၀၉၁၉၊ ဦးထွန်းထွန်းဝေ ဖုန်း-၀၉-၅၀၀၉၇၁၅၊ ၀၁-၂၉၉၀၈၅၊ ဦးအောင်ကျော်လှ ဖုန်း-၀၉-၅၀၀၃၉၅၆၊ ၀၁-၇၀၉၀၉၄၊ ဦးစိုးနိုင် ဖုန်း-၀၉-၅၄၀၂၆၈၊ ဦးတင်ဝင်း ဖုန်း-၀၉-၇၃၀၇၀၀၃၆၊ ဦးသန်းရွှေ ဖုန်း-၀၉-၅၄၀၆၆၀၇ နှင့် ဦးမင်းအောင်ထွန်း ဖုန်း-၀၉-၄၉၃၁၂၇၅၄ တို့သို့ ဆက်သွယ်လျှဒါန်းနိုင်ကြောင်းနှင့် ကမ္ဘောဇဘဏ်ရုံးချုပ်(ကမာရွတ်) ငွေစာရင်းအမှတ် 0211220032645 သို့လည်း ပေးပို့လှူဒါန်းနိုင်သည်။ (ကြေးမုံ)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တယောပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	တောမြိုင်စွန်း	(ယိုးဒယား)
(ခ)	စိန်ကြောင်နီလာ	(ပတ်ပျိုး)
(ဂ)	ဘုန်းဆင့်ဆင့်တိုး	(ပတ်ပျိုး)
(ဃ)	မဲဇာတောင်ခြေ	(ပတ်ပျိုး)
(င)	ပန်းဟောဝန်	(ယိုးဒယား)
(စ)	သာဆန်းရဂုံဘွေ	(ပတ်ပျိုး)
(ဆ)	မြန်ချာမြေကို	(ပတ်ပျိုး)
(ဇ)	ခိုင်ပန်းစုံမှုန်မာလာ	(ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က)	မှန်ရဝေ	(ပတ်ပျိုး)
(ခ)	သောင်းသောင်းညံ	(ယိုးဒယား)
(ဂ)	ဂုဏ်တော်ဖွင့်	(ကာလပေါ်)(ပြည်လှဖေ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	ကျွန်းကျွန်းပိုင်သ	(ကြိုး)
(ခ)	မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း	(ကာလပေါ်)(ဝင်းဦး)
(ဂ)	မိုးလုံးပတ်လည်	(ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	ကောက်စိုက်မ	(ကာလပေါ်)(စိန်ပါတီ)
(ခ)	နှစ်ကိုယ်သစ္စာ	(ပတ်ပျိုး)
(ဂ)	စိမ်းလဲ့လဲ့ညိုပြာ	(ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	ဇွဲ	(ကာလပေါ်)(ပြည်လှဖေ)
(ခ)	လူမနော	(ပတ်ပျိုး)
(ဂ)	ရွှေဘုန်းရွှေဘုန်းတော်လေတည့်မှ	(ကြိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)

(က)	မေတ္တာ	(ကာလပေါ်)(မြသက်မူ)
(ခ)	စံရာတောင်ကျွန်း	(ကြိုး)
(ဂ)	မှန်ညောင်သဋ္ဌာ	(ကြိုး)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

❍ ပထမအကြိမ်မှ

ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားသည်။

(နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ရှေ့ဖုံး၌ ဖော်ပြထားပါသည်)။

ထို့နောက် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး အစီအစဉ်များကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၇၊ ပုဒ်မခွဲ (က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)တို့အရ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ မတ်လ ၃၀ ရက်နေ့အတွင်း ၁၈ ရက်ကျင်းပခဲ့ကြောင်း၊ ယခုလို ကျင်းပခဲ့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းပြည့်နီးပါး တက်ရောက်ခဲ့ကြကာ နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်ပြီး အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခြင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြင့် တရားစီရင်ရေးမဏ္ဍိုင်ကို ဖွဲ့စည်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးခြင်းသည် မြန်မာနိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်အဖြစ် စတင်အကောင်အထည်ဖော်ပေးနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁(က)တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ဖော်ပြပါရှိကြောင်း၊ အဆိုပါ ဥပဒေပုဒ်မ ၁၂(က)တွင် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်ဟု ဖော်ပြထားကြောင်း။

ပြည်ထောင်စုအဆင့်တွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို သီးခြားစီ ပိုင်းခြားသုံးစွဲပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်မှာ ဥပဒေပြုရေးပင်ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံတော် အခြေခံမူများပင်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့ကိုလည်း ဆောင်ရွက်ခွင့်ရှိကြောင်း၊ ယင်းသို့ ဥပဒေပြုခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း နည်းလမ်းများနှင့်သာ အုပ်ချုပ်ရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍကို ထိန်းညှိခွင့်ရှိကြောင်းလည်း ပြောကြားလိုကြောင်း၊ ထို့ကြောင့် ယခင် ပထမအကြိမ်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ရပ်နားထားသော်လည်း လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ရှေးရှုပြီး ကြယ်ပွင့်မပြမေးခွန်းများကို ပေးပို့နိုင်ပါကြောင်းနှင့် သက်ဆိုင်ရာကို ဆက်လက်မေးမြန်းပြီး ပြန်ကြားပေးမည်ဖြစ်ကြောင်း မှာကြားလိုက်သော်လည်း ပြီးခဲ့သည့် လွှတ်တော်ရပ်နားစဉ်ကာလအတွင်း မေးခွန်းတစ်စောင်မျှ လက်ခံရရှိခြင်း မရှိခဲ့ကြောင်း။

ယခု ဒုတိယပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများ တင်သွင်းမည်ဖြစ်ကြောင်း၊ ထို့ပြင် ပုဂ္ဂလိကဥပဒေကြမ်းများလည်း တင်သွင်းကြမည်ဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းများကို လွှတ်တော်တစ်ရပ်စီတွင် စတင်ဆွေးနွေးပြီးနောက် အပြန်အလှန်ဖလှယ်ပြီး အတည်ပြုကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်နှစ်ရပ်က သဘောတူလျှင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်ပြီး သဘောတူညီမှုမရလျှင် ပြည်ထောင်စုလွှတ်တော်၌ ထပ်မံဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးအတွက် ဥပဒေကြမ်းများကို ဝေဖန်ဆွေးနွေးသုံးသပ်ပေးကြရန် ပြောကြားလိုကြောင်း။

ထို့ပြင် ယခုတစ်ကြိမ် လွှတ်တော်အစည်းအဝေးတွင် ထူးခြားမှုမှာ ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်-လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် လွှတ်တော်ဆောင်ပုဒ်ပင်ဖြစ်ကြောင်း၊ ယင်းဆောင်ပုဒ်နှင့်အညီ မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းများကို မြိုင်မြိုင်ဆိုင်ဆိုင် ဆောင်ရွက်ကြပါစို့ဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅၊ နည်းဥပဒေခွဲ (ခ)အရ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ရုံးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့အား ပြည်ထောင်စုလွှတ်တော်က စဉ်းစားရန် အဆိုများကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံကြသဖြင့် အဆိုပါဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅၊ နည်းဥပဒေခွဲ(ခ)အရ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန် ဥပဒေကြမ်းပူးပေါင်းကော်မတီသို့ ပေးပို့လေ့လာ စိစစ်စေမည်ဖြစ်ရာ ယနေ့တင်သွင်းသည့် ဥပဒေကြမ်းများကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဆွေးနွေးလိုသည့်အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၆-၈-၂၀၁၁ ရက်(သောကြာနေ့)ထက် နောက်မကျစေဘဲ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြရမည် ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် တင်သွင်းထားသည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမည်ဖြစ်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ ပထမနေ့ အစည်းအဝေးကို မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက်အလေးမပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

အားကစားဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲနှင့် ၂၀၁၁ ခုနှစ် အမျိုးသားတံခွန်စိုက် အလေးမပြိုင်ပွဲကို ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲတွင် ၅၆ ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၉ ကီလိုတန်း၊ ၇၇ ကီလိုတန်း၊ ၈၅ ကီလိုတန်းနှင့် ၈၅ ကီလိုတန်းအထက်ပြိုင်ပွဲများ၊ အမျိုးသမီးပြိုင်ပွဲတွင် ၄၈ ကီလိုတန်း၊ ၅၃ ကီလိုတန်း၊ ၅၈ ကီလိုတန်း၊ ၆၃ ကီလိုတန်းနှင့် ၆၃ ကီလိုတန်းအထက်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလေးမပြိုင်ပွဲသို့ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသော ဒုတိယတန်းအဆင့်နှင့် တတိယတန်းအဆင့်ရှိ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အမျိုးသား တံခွန်စိုက်ပြိုင်ပွဲသို့ ပထမတန်းအဆင့်ရှိ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၈၁၆၀ ထံ စုံစမ်းမေးမြန်းနိုင်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂၀ ၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၃၀ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၇။ အင်္ဂလိပ်စာသုတ
၄း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်(အပိုင်း-၃၀)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၁၇)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဗိုတာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ မွေးမြူသုတ
၂၁။ ဟာသရုပ်စုံ
၂၂။ သီချင်းလက်ဆောင်
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရောင်ပြန်မေတ္တာ (အပိုင်း-၁၂)**
၂၅။ Mini Series

နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများသည် မူလလွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိကို ဆန်းစစ်နေရမည်ဖြစ်

❒ ကျောဖုံးမှ

သမ္မတက အုပ်ချုပ်ရေးအာဏာ ကျင့်သုံးပြီး လွှတ်တော်က ဥပဒေပြုအာဏာ ရယူဆောင်ရွက်နေသော မိမိတို့နိုင်ငံ၏ လွှတ်တော်ဖွဲ့စည်းမှု၊ လွှတ်တော်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လွှတ်တော်ကော်မတီနှင့် ကော်မရှင်များ၊ အဖွဲ့များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အတိတ်က သင်ခန်းစာများကို ရယူပြီး ယနေ့ မျက်မှောက်ကာလတွင် ဆောင်ရွက်သင့်သော ကိစ္စများကို မိမိတို့အားလုံးက ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ၊ ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော်သည် အရည်အချင်းရှိရန်၊ ခိုင်မာတောင့်တင်းရန်၊ ခိုင်မြဲအောင်တည်ဆောက်နေရန် လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အသီးသီး အရည်အချင်းတိုးတက်မြင့်မားနေအောင် ပုံစံမျိုးစုံဖြင့် လေ့ကျင့်နေရန်လိုအပ်သကဲ့သို့ စည်းလုံးညီညွတ်စွာ ရှိနေစေရေးအတွက် တစ်ဦးနှင့်တစ်ဦး နားလည်လေးစားကြရန်နှင့် ပြုမူဆောင်ရွက်ကြရန်လည်း လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများ မထားရှိတော့ဘဲ အများပြည်သူအကျိုး၊ ပြည်ထောင်စုအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်ကြမည်ဟုခံယူပြီး ပြောဆိုပြုမူ ဆောင်ရွက်နေကြသည်များကို တွေ့ရသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

မျှတစွာ ခွဲဝေကျင့်သုံး

အမှန်တကယ်တွင် လွှတ်တော်များသည် ဒီမိုကရေစီ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ စုစည်းတည်ရှိရာ အဖွဲ့အစည်းဖြစ်သကဲ့သို့ အာဏာများကိုလည်း မျှတစွာ ခွဲဝေကျင့်သုံးစေသော အဖွဲ့အစည်းကြီးလည်း ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏ သဘောထားဆန္ဒများကို သယ်ဆောင်လာကြပြီး မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းများအဖြစ် မေးမြန်းဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ကြရာတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများဖြစ်ထွန်းစေသော ဥပဒေများနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သော ဥပဒေများ အလျင်အမြန်ဖြစ်ပေါ်လာရန် လိုအပ်နေကြောင်း၊ ထို့အတူ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည့် အဓိကအဖွဲ့အစည်းလည်း ဖြစ်ကြောင်း။

လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်သော ဥပဒေများကို ထပ်ဆင့်ထုတ်ပြန်ခွင့်အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းအသီးသီး၏ ထုတ်ပြန်သော ဥပဒေများဖြစ်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများသည် မူလလွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိကို ဆန်းစစ်နေရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းများနှင့် နိုင်ငံသားအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန် ထိန်းညှိကူညီဆောင်ရွက်ရေးအတွက် ပါဝင်ပေးရမည်ဖြစ်ကြောင်း။

အဓိကထမ်းဆောင်

ထိုတာဝန်များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များက အဓိကထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တာဝန်များ ကျေပွန်စေရေးအတွက် မွန်မြတ်သောစေတနာနှင့် ပြည့်ဝသော အရည်အချင်းများရှိကြရန်နှင့် လုပ်နည်းလုပ်ဟန်များ မှန်ကန်ရန်လည်း လိုအပ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနှင့် ပြည်သူ့မျှော်လင့်ချက်များကို အလေးထား ဆန်းစစ်သုံးသပ်ဝေဖန်ပြီး လက်တွေ့နယ်ပယ်တွင် ပြည်သူ့အကျိုးအတွက်၊ နိုင်ငံတော်အကျိုးအတွက် ဖြစ်ထွန်းစေမည့် ဥပဒေများ အမြန်ပေါ်ထွန်းရေးနှင့် ထိုဥပဒေများနှင့်အညီ နိုင်ငံသားအားလုံး၊ ပြည်သူအားလုံးနှင့် အဖွဲ့အစည်းအားလုံးက လိုက်နာကျင့်သုံးရေးအတွက် ထိန်းညှိကူညီဆောင်ရွက်ရန် လွှတ်တော်တွင် တာဝန်ရှိကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့တာဝန်ကို သိရှိပြီး ထိုတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်နှင့် နိုင်ငံသားများကို သစ္စာရှိရာရောက်မည်ဖြစ်ကြောင်း၊ တာဝန်ကျေသော၊ သစ္စာရှိသော လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပြုမူဆောင်ရွက်သွားကြပါရန် အလေးအနက်ထား တင်ပြတိုက်တွန်းလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်သည်။

ယနေ့ တင်ပြမှတ်တမ်းတင်သည့် ဆောင်ရွက်ချက်များမှာ- ၂၄-၆-၂၀၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ သတင်းနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များအား တွေ့ဆုံပြောကြားချက်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ H. E. Mr. B. V. Gryzlov ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၅- ၆- ၂၀၁၁ ရက်မှ ၂- ၇- ၂၀၁၁ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊ မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်၏ ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် KIA အကြား ပစ်ခတ်မှုရပ်ဆိုင်း၍ တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်နိုင်ရေးဆောင်ရွက်ချက်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ပနိုင်ငံအစိုးရနှင့် လွှတ်တော်အကြီးအကဲများထံသို့ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ (၄၀) လစ်လပ်ခြင်းတို့ဖြစ်သည်။

ဆက်လက်၍ လွှတ်တော်၏ လုပ်ငန်းလိုအပ်ချက်အရ ပြီးခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေး၌ ဖွဲ့စည်းခဲ့သော လွှတ်တော်ကော်မတီများအပြင် ကော်မတီနှင့် ကော်မရှင်များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကော်မတီနှင့် ကော်မရှင်များ၏ ဥက္ကဋ္ဌများကိုပါ တစ်ပါတည်းလျာထားသတ်မှတ် တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်သည်။

တိုးချဲ့ဖွဲ့စည်းခဲ့

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် နည်းဥပဒေ (၇၉) တို့အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကိုပါ လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ခြင်း သတ်မှတ်ချက်နှင့်အညီ ကော်မတီများ တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ယနေ့ အစည်းအဝေးမှ တိုးချဲ့ဖွဲ့စည်းခဲ့သည့် ကော်မတီများနှင့်ဥက္ကဋ္ဌများမှာ- နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ဖြင့်လည်းကောင်း၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်ဖြင့်လည်းကောင်း၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ဖြင့်လည်းကောင်း၊ စီမံကိန်းများနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ဖြင့်လည်းကောင်း၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီကို ဥက္ကဋ္ဌအဖြစ် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ဖြင့်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ပျဉ်းမနား မဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ဖြင့်လည်းကောင်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီကို ဥက္ကဋ္ဌအဖြစ် ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီကို ဥက္ကဋ္ဌအဖြစ် ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဥက္ကဋ္ဌအဖြစ် မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ဖြင့်လည်းကောင်း၊ ကျန်းမာရေးမြှင့်တင်မှု ကော်မတီကို ဥက္ကဋ္ဌအဖြစ် ချမ်းအေးသာဇံ မဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ဖြင့်လည်းကောင်း၊ ပညာရေးမြှင့်တင်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ဖြင့်လည်းကောင်း၊ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌအဖြစ် ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို ဖြင့်လည်းကောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီကို ဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ဖြင့်လည်းကောင်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေး ကော်မတီကို ဥက္ကဋ္ဌအဖြစ် နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ ဖြင့်လည်းကောင်း၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ဖြင့်လည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

လွှတ်တော်သည် လွှတ်တော်ကော်မတီများက လေ့လာသောအကြောင်းကိစ္စများမှအပ အခြားအကြောင်းကိစ္စများ လေ့လာရန် လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖြစ်စေ၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်ဟု ပြည်သူ့လွှတ်တော် ဥပဒေပုဒ်မ ၂၉၊ နည်းဥပဒေ ၈၁ တို့၌ ဖော်ပြပါရှိချက်နှင့်အညီ တည်ဆဲဥပဒေများအပေါ် စိစစ်သုံးသပ်ရေးကော်မရှင်ကို ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းသည်။

ယင်းနောက် လွှတ်တော်၏ လုပ်ငန်းလိုအပ်ချက်အရ ပြီးခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဖွဲ့စည်းခဲ့သော လွှတ်တော်ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များအား ကော်မတီနှင့် ကော်မရှင်များသို့ ပြောင်းလဲတာဝန်ပေးအပ်ခြင်းများကို ဆောင်ရွက်ရာ လက်ရှိဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တည်ဆဲဥပဒေများ စိစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဥပဒေကြမ်း ကော်မတီ အတွင်းရေးမှူး ဦးတီခွန်မြတ်အား ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးစောလှထွန်းအား ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးလှမြင့်ဦးအား နိုင်ငံတကာဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင် ဒေါက်တာစိုးရင်အား လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးအဖြစ်လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်သွားမည်ဖြစ်သည်။

ထို့နောက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ရန် ပြည်ထောင်စုလွှတ်တော်နာယကက ဖိတ်ကြားထားသည့်အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ဩဂုတ် ၂၃ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀	၈။ နှောင်းခေတ်တေးပဒေသာ
၈း၂၅	၉။ "သဘာဝဘေးအန္တရာယ်များ"
၈း၃၀	၁၀။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင်(ပထမတန်း) အဆင့်)(အမျိုးသား)
၈း၄၀	၁၁။ International News
၈း၄၅	၁၂။ တေးဂီတအစီအစဉ်
၉း၀၀	၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချိုတေး၊ စစ်သည်တေး
၄း၀၅	၂။ တေးဂီတအစီအစဉ်
၄း၂၀	၃။ အကပြိုင်ပွဲ
၄း၃၅	၄။ ကြေးမုံရုပ်သွင်တေးနှယ်ဉ်
၄း၄၅	၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
၅း၀၀	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀	၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၂၅	၈။ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ ရေကူးပြိုင်ပွဲ (အပိုင်း-၂)
၅း၄၀	၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခတ်ဟောင်းတေး) (ဝါသနာရှင်(ပထမတန်း) အဆင့်(အမျိုးသား)
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅	၁၃။ ဆိုလိုက်ကြစို့
၇း၀၀	၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား" (အပိုင်း-၂၀)**
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ ရယ်စရာဟာသများ
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ" (အပိုင်း-၄)**
	၂၀။ အစီအစဉ်ပြီး၏။

လွှတ်တော်ကိုယ်စားလှယ်များသည် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အစဉ်အမြဲ စွဲမှတ်ထားပြီး လိုက်နာဆောင်ရွက်ကြရန်လို ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်ကြသူများ ဖြစ်သည်နှင့်အညီ နောက်လူတို့ အတုယူနိုင်အောင် ဆောင်ရွက်

❖ ဥပဒေပြုရေးလုပ်ငန်းကိုမှ

ဖွဲ့စည်းပေးပြီး တာဝန်များပေးအပ်ခဲ့ကြောင်း၊ ယနေ့တွင်လည်း နောက်ထပ်လိုအပ်သော ယာယီကော်မတီ (၇)ခုကို လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော်ဥပဒေ အခန်း(၄) ပုဒ်မ(၉) တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ပြဋ္ဌာန်းထားကြောင်း၊ ပုဒ်မ (၁၀)မှာ လုပ်ပိုင်ခွင့်များ၊ ပုဒ်မ (၁၁)မှာ ကျင့်ဝတ်နှင့် စည်းကမ်းများ၊ ပုဒ်မ (၁၂) မှာ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ပြဋ္ဌာန်းထားကြောင်း။

လိုက်နာဆောင်ရွက်

လွှတ်တော်ကိုယ်စားလှယ်များသည် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အစဉ်အမြဲ စွဲမှတ်ထားပြီး လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီ၏ အသွင်သဏ္ဌာန်ဖြစ်သော လွှတ်တော်စနစ်ကို မကြာသေးမီကမှ စတင်ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်ကြသူများ ဖြစ်သည်နှင့်အညီ နောက်လူတို့ အတုယူနိုင်အောင် ဆောင်ရွက်ကြရန် လိုကြောင်း။

ဤသို့ဆောင်ရွက်ရာတွင် မိမိတို့သည် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များဖြစ်ပြီး အုပ်ချုပ်ရေးအဖွဲ့ဝင်များ မဟုတ်ကြောင်းလည်း သတိထားရမည်ဖြစ်သကဲ့သို့ မိမိတို့သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များမဟုတ်သည်ကိုလည်း သတိမလွတ်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်သည် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကို တွဲဖက်ဆောင်ရွက်ပြီး တရားစီရင်ရေးကို သီးခြားကျင့်သုံးကြောင်း၊ ပြည်ထောင်စုအဆင့်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုသည့် ခက်မသုံးဖြာကို သီးခြားစီကျင့်သုံးကြကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးပင်ဖြစ်ပြီး လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးသော ဥပဒေများကို အုပ်ချုပ်ရေးအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့များက လိုက်နာဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေပြုရေးလုပ်ငန်းကို ပြည်သူ့အကျိုးစီးပွားရှုထောင့်က ကြည့်ပြီး အားစိုက်ခွန်စိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သော အဆိုများကိုလည်း တင်သွင်းနိုင်ကြကြောင်း၊ ထိုမျှမကဘဲ မိမိ၏ မဲဆန္ဒနယ်မြေအကျိုးအတွက် လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း ပြုနိုင်သည့်နည်းတူ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် ကြံ့ခိုင်ရေးတို့အတွက်လည်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုမပါဘဲ မေးခွန်းများ မေးမြန်းနိုင်ကြကြောင်း။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် စတင်တည်ထောင်ဆဲဖြစ်သော ဒီမိုကရေစီလှေ့ဘောင်ကို ကြံ့ခိုင်သည်ထက် ကြံ့ခိုင်အောင် ဥပဒေပြုရေးကဏ္ဍမှ တာဝန်ကျေကျေဆောင်ရွက်ကြပါစို့ဟု ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် နည်းဥပဒေ ၇၉ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကိုလည်း လေ့လာတင်ပြရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ခြင်းသတ်မှတ်ချက်နှင့်အညီ ကော်မတီများ တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ကော်မတီများ

ယနေ့အစည်းအဝေးက တိုးချဲ့ဖွဲ့စည်းခဲ့သည့် ကော်မတီများနှင့် ဥက္ကဋ္ဌများမှာ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးစံထွန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်ရေးဆိုင်ရာကော်မတီ၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစံပြည့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခင်ရွှေက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာမြဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အမျိုးသမီးများနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမောင်မောင်ထူးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် တောင်သူလယ်သမားနှင့် ပြည်တွင်း ပြည်ပ အလုပ်သမားများဆိုင်ရာ ကော်မတီတို့ ဖြစ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အမျိုးသားလွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပမည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ရန် ပြည်ထောင်စုလွှတ်တော်နာယကက ဖိတ်ကြားထားသဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၂၃ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် စာရင်းစစ်အရာရှိ/မြို့နယ်စာရင်းစစ်အရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ စံပြရဲနှင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးကို စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှုနှင့် စွမ်းရည်ပြည့်ဝစေမှုတို့အတွက် အလေးအနက်ထား ဆောင်ရွက်မှုများအနက် အစီအစဉ်တစ်ရပ်အနေဖြင့် စံပြရဲ စိစစ်ရွေးချယ်ခြင်းနှင့် ဆုချီးမြှင့်ခြင်း အစီအစဉ်များကို နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၁၁ ခုနှစ်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့် စံပြရဲ ရေးဖြေစာမေးပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီတွင် လည်းကောင်း၊ ဗဟိုအဆင့် ရဲကျင့်ဝတ်စာမေးပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပခဲ့ပြီး စံပြရဲ ပဏာမရွေးချယ်ခံထားရသူများအား ယနေ့နံနက် ၅ နာရီတွင် ကြံ့ခိုင်စွမ်းရည်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ စံပြရဲ ရေးဖြေစာမေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အပါအဝင် တစ်နိုင်ငံလုံးရှိ လက်အောက်ခံ တိုင်းဒေသကြီး/ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့ ကျောင်းများရှိ ရဲတပ်သားအဆင့်မှ ရဲအုပ်အဆင့်အထိ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၃၀ နှင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲတွင် ရဲတပ်သားအဆင့်မှ ဒုတိယရဲမှူးအဆင့်အထိ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၆၂ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

စံပြရဲနှင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲ ကျင်းပရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် ရဲအရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ (သတင်းစဉ်)

နိုင်ငံတကာဆိုင်ရာ စာရင်းစစ်စံများနှင့်အညီ စစ်ဆေးရေးဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေး ဉာဏ်ရည်အကင်းပါးစွာဖြင့် စစ်ဆေးရေးလုပ်ငန်းများကို သတိဝီရိယဖြင့် ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၂

စာရင်းစစ်အရာရှိ/မြို့နယ်စာရင်းစစ်အရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် မွမ်းမံသင်တန်းသည် သင်တန်းသားများ၏ ရှိပြီးအရည်အချင်း၊ အရည်အသွေးများ ပိုမိုတိုးတက်လာစေရန် ပြုလုပ်ပေးမည့် တစ်နည်းအားဖြင့် စာရင်းစစ်ရုံးအသီးသီး၏ စစ်ဆေးရေးစွမ်းရည်မြင့်မားစေရန် ပြုလုပ်ပေးမည့် သင်တန်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်နှင့် နိုင်ငံတကာဆိုင်ရာ စာရင်းစစ်စံများနှင့်အညီ ပြည်သူပိုင်ကဏ္ဍတွင် Good Governance ရရှိစေရေးအတွက် ပြုပြင်ပြောင်းလဲထားသည့် စစ်ဆေးရေးဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်က အားထားရမည့် လူကောင်း လူတော်များဖြစ်ရန် ပင်ကိုထိုးထွင်းဉာဏ်နှင့် လိမ္မာပါးနပ်မှု၊ ဉာဏ်ရည်အကင်းပါးစွာဖြင့် စစ်ဆေးရေးလုပ်ငန်းများကို ဂရုမမူစိုက်ထုတ်ပြီး သတိဝီရိယရှိစွာဖြင့် နေထိုင်ပြုမူပြောဆို ဆောင်ရွက်ကြရန် ပြောကြားသည်။

တက်ရောက်ခဲ့

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ်(တာဝန်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကထိကများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၅၁ ဦး တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၂-၈-၂၀၁၁)

သံတွဲ	၅ ဒသမ	၀၄ လက်မ
သထုံ	၄ ဒသမ	၂၉ လက်မ
ဘားအံ	၃ ဒသမ	၇၈ လက်မ
တောင်ကုတ်	၂ ဒသမ	၉၉ လက်မ

ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းနှင့် ဘုရားချောင်းတံတား၊ ပျဥ်းမချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၆)က တာဝန်ယူ တည်ဆောက်လျက်ရှိသော ကျုံကူးရွာအဝင်လမ်း ဘုရားချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်သိန်းနုနှင့် ပုသိမ်ခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်ဦးတို့က ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းအပိုင်း မိုင်တိုင်အမှတ် (၆၈/၁)မှ ကျုံကူးရွာသို့ သွားသည့်လမ်းတွင် အရှည်ပေ ၆၀ ရှိ ဘုရားချောင်းတံတားနှင့် အရှည်ပေ ၁၂၀ ရှိ ပျဥ်းမချောင်း တံတားများ တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဥ်များ၊ မိုင်တိုင်အမှတ်(၆၈/၁)မှ ကျုံကူးရွာအထိ ၁၂ မိုင်အရှည် ကားလမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားနှင့်အတူ ချဥ်းကပ်လမ်းကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လမ်းအတွက် လိုအပ်သည့် ပစ္စည်းများ၊ အရည်အသွေးပြည့်မီသော လမ်းခင်းကျောက်များကို ပွင့်လင်းရာသီအမီ ဆောင်ရွက်နိုင်ရေး ကြိုတင်စုဆောင်းထားရှိရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘုရားချောင်းတံတားပေါ်မှ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တံတားချဥ်းကပ်လမ်း မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုနှင့် စက်ယာဥ်ယန္တရားများဖြင့် ကျုံကူးရွာသွားသည့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဘုရားချောင်းတံတားနှင့် ပျဥ်းမချောင်းတံတားတို့သည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းမှ ကျုံကူးရွာသို့သွားသော လမ်းပေါ်တွင်တည်ရှိပြီး အပေါ်ထည်တစ်လွှာတစ်ထပ် ဘေလီသံပေါင်နှင့် အောက်ထည် သံကူကွန်ကရစ် အမျိုးအစားများ ဖြစ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း မိုင်တိုင်အမှတ် (၆၈/၂)နှင့် (၆၈/၃)အကြား လမ်းပေါ်ရေကျော်သည့်နေရာ၌ ရေပြွန်တည်ဆောက်ပေးရန်၊ မိုင်တိုင်အမှတ် (၆၉/၅)နှင့် (၆၉/၆)အကြား ကတ္တရာလမ်းပေါ်၌ ရေမတင်စေရန် လမ်းဘေးဝဲ/ယာတွင် ရေခေါ်မြောင်းများ၊ ရေနုတ်မြောင်းများ ဖောက်လုပ်ပေးရန်၊ မြေပြိုနိုင်မည့်နေရာများ၌ မြေထိန်းနံရံများနှင့် မြေကာနံရံများ ဆောင်ရွက်ပေးရန်၊ ကတ္တရာလမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ် စစ်ဆေးပေးရန်တို့ကို မှာကြားခဲ့သည်။

(သတင်းစဥ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကျုံကူးရွာအဝင်လမ်းရှိ ဘုရားချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဥ်။

(သတင်းစဥ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး ပြည်ပထွက်ခွာနေရာ၌ ဌာနဆိုင်ရာဝန်ထမ်းများက ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များအား စစ်ဆေးဆောင်ရွက်ပေးနေမှု၊ ခရီးသည်များ အဆင်ပြေလျင်မြန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးကောင်တာများ တိုးချဲ့ဆောင်ရွက်မည့်နေရာနှင့် တိုးချဲ့ဆောင်ရွက်သွားမည့် လုပ်ငန်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။(ဝဲပုံ)

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ ရေ/လေကြီးကြပ်ဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မိမိဌာနမှ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းအင်အား၊ လေကြောင်းလိုင်းများနှင့် ခရီးသည်များ ဝင်/ထွက်မှုအခြေအနေ၊ ခရီးသည်များ အဝင်/အထွက် စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဆောင်ရွက်မှု အခြေအနေ၊ လက်ရှိခရီးသည်စစ်ဆေးရေး ကောင်တာများနှင့် တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းအစီအစဥ်များ၊ လုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် လေကြောင်းခရီးစဥ်များ တိုးချဲ့ပျံသန်းမှု များပြားလာသည်နှင့် အမျှ ခရီးသည် ဝင်/ထွက်မှု များပြားလာပြီဖြစ်ရာ ခရီးသည်များ သွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးမှုများ ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မကြာမီ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးကောင်တာများ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်၍ စစ်ဆေးရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ထိထိရောက်ရောက် ဆောင်ရွက်ကြရန်၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ကြိုတင်မြော်တွေး၍ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ကြရန်၊ မိမိတို့ဝန်ထမ်းများသည် ခရီးသည်များအပေါ် ကြည်သာရွှင်ပျစွာ၊ ယဥ်ကျေးပျူငှာစွာ ဆက်ဆံပြောဆိုကြရန်နှင့် အခြားဆက်စပ်ဌာနများနှင့်လည်း ညှိနှိုင်းပေါင်းစပ်ကာ လုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်တို့ကို ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ပဆိုက်ရောက်နေရာ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးကောင်တာများ တိုးချဲ့တပ်ဆင်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းညွှန်ဆိုင်းဘုတ်များ သိသာထင်ရှားစွာ တပ်ဆင်ထားရှိရေး၊ ခရီးသည်အမျိုးအစားအလိုက် ကောင်တာအဝင်လမ်းများ စနစ်တကျ သတ်မှတ်ထားရှိရေး၊ လိုအပ်သောပုံစံများ ဖြည့်သွင်းရေးသားနိုင်ရေးအတွက် နေရာများ လုံလောက်စွာ သတ်မှတ်ထားရှိရေး စသည်ဖြင့် မှာကြားခဲ့သည်။

(သတင်းစဥ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဦးဆောင်သော မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားလေ့လာရေးခရီးစဥ်မှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဦးဆောင်သော အဖွဲ့ဝင် ခုနစ်ဦးပါဝင်သည့် မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် အားကစားအထွေထွေဗျူရိုဝန်ကြီး Mr. Liu Pen ၏ ဖိတ်ကြားချက်အရ ဩဂုတ် ၁၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့နှင့် ကွမ်ကျိုးမြို့တို့သို့ အားကစားလေ့လာရေးခရီးစဥ်အဖြစ် သွားရောက်ခဲ့ကြပြီး ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဦးဆောင်သော မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ယဥ်ကျေးမှုဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် အားကစား အထွေထွေဗျူရို သတင်းအချက်အလက်ဗဟိုဌာနသို့ သွားရောက်ခဲ့ကြပြီး ညနေပိုင်းတွင် နိုင်ငံတော် အားကစား အထွေထွေဗျူရိုဝန်ကြီး Mr. Liu Pen နှင့် သွားရောက်တွေ့ဆုံ၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ နေပြည်တော်၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား ကျင်းပရေး လုပ်ငန်းများ၊ အားကစားပြိုင်ပွဲကို စနစ်တကျ အောင်မြင်စွာ ကျင်းပပြီး အဆင့်မြင့်မားစွာ ယှဥ်ပြိုင်အနိုင်ရရှိရေး ဆိုင်ရာ လုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် ပေကျင်း Grand Hotel၌ ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် အားကစား အထွေထွေဗျူရိုဝန်ကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ Mr. Liu Pen တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာအားကစား ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ခရီးသွားလာရေး အထွေထွေဗျူရို ဒုတိယဝန်ကြီး Mr. Zhu Sharzhorf နှင့် သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံခရီးသွားလာရေးလုပ်ငန်းများ၊ တိုးတက်မြင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ အိုလံပစ် မြို့ပြဖွံ့ဖြိုးမှု တိုးမြှင့်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Jang Xaon နှင့် တွေ့ဆုံပြီး ၂၀၀၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်အားကစားအထွေထွေဗျူရိုဝန်ကြီး Mr. Liu Pen တို့ တွေ့ဆုံစဥ်။ (သတင်းစဥ်)

ကျင်းပရေးဆိုင်ရာ အိုင်တီနည်းပညာနှင့် စပ်လျဥ်း၍ အသေးစိတ် လေ့လာဆွေးနွေးခဲ့ကြကာ ပေကျင်းမြို့ရှိ အိုလံပစ် အားကစားကွင်း/အားကစားရုံများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

မြန်မာအားကစားကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ နိုင်ငံတော်အားကစား အထွေထွေဗျူရို လေ့ကျင့်ရေးဌာနနှင့် လေ့ကျင့်ရေးစခန်းများသို့ သွားရောက်လေ့လာကြည့်ရှုဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပေကျင်းမြို့မှ ကွမ်တုန်းပြည်နယ် ကွမ်ကျိုးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာအားကစား ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ၂၀၁၀ ခုနှစ် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ကျင်းပခဲ့သော အားကစားကွင်း/အားကစားရုံများ၊ အားကစား လေ့ကျင့်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ကွမ်ကျိုး အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။ ညနေပိုင်းတွင် ကွမ်ကျိုးမြို့ White Swan Hotel ၌ ကျင်းပသော ကွမ်တုန်းပြည်နယ် ပြည်သူ့အစိုးရအဖွဲ့ တွဲဖက် အထွေထွေအတွင်းရေးမှူး Mr. Liu Haiu Jre နှင့် တွေ့ဆုံဆွေးနွေးပွဲနှင့် ဧည့်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

မြန်မာအားကစား ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် Shenzhen မြို့၌ ကျင်းပလျက်ရှိသော ၂၀၁၁ ခုနှစ် ကမ္ဘာ့တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုလေ့လာအားပေးခဲ့ကြသည်။

(သတင်းစဥ်)

ရတနာ့ဂူပွဲ စည်ကားစွာ ကျင်းပ

ရတနာ့ဂူပွဲသည် တောင်ပြုန်းပွဲတော်အပြီး နှစ်စဉ်ကျင်းပသော မန္တလေးဝန်းကျင်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည်။ ရတနာ့ဂူ မြတ်စွာဘုရားပွဲတော်နှင့် မယ်တော်ပွဲကို ဝါခေါင်လပြည့်ကျော် ၈ ရက်(ဩဂုတ် ၂၂ ရက်)မှ ဝါခေါင်လကွယ်နေ့အထိ ကျင်းပလျက်ရှိရာ မန္တလေး၊ အမရပူရ၊ တံတားဦး၊ စစ်ကိုင်း၊ မုံရွာစသောအနီးဝန်းကျင်မှ ဘုရားပွဲလာပြည်သူများဖြင့် စည်ကားစွာ ကျင်းပလျက်ရှိသည်။

မယ်တော်ပွဲ

မယ်တော်ပွဲကို ဝါခေါင်လပြည့်ကျော် ၈ ရက်မှ စတင်လေ့ရှိသော်လည်း လပြည့်ကျော် ၁၀ ရက်နေ့တွင် ချိုးရေတော်သုံးပွဲတော်၊ လကွယ်နေ့တွင် ထိန်ခုတ်ပွဲ၊ မယ်တော်ပို့ပွဲများ ကျင်းပပြီး သံဃာတော်များကို စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူ၍ ပွဲတော်သိမ်းသည်ဟု သိရသည်။

အမရပူရမြို့ ငယ်တိုးကျေးရွာတွင် ကျင်းပသော အဆိုပါပွဲတော်သို့ မန္တလေးမှ အများဆုံး သွားလာကြကာ အမှတ်(၈) ဘတ်စ်ကားလိုင်း၊ စစ်ကိုင်း-မန္တလေး ကားလိုင်းများအပြင် မော်တော်ဆိုင်ကယ်များဖြင့်လည်း အများဆုံး သွားရောက်ကြကြောင်း တွေ့ရှိရသည်။

နှစ်ပေါင်း ၆၃၀

ရတနာ့ဂူပွဲတော် ကျင်းပသည့် ရတနာ့ဂူစေတီတော်ကို သက္ကရာဇ် ၇၄၂ ခု အင်းဝဘုရင်မင်းကြီး စွာစော်ကဲ တည်ထားခဲ့သည်။ ဘုရားပွဲတော် ကျင်းပခဲ့သည်မှာ နှစ်ပေါင်း ၆၃၀ ခန့်ရှိခဲ့ပြီး နတ်ပွဲကိုမူ မြန်မာသက္ကရာဇ် ၁၂၈၅ ခုနှစ် ဘကြီးတော်မင်းလက်ထက် အမရပူရမြို့ မီးလောင်စဉ် ပြည်သူအများ စိတ်နှလုံး မသာယာသောကြောင့် သောကပြေပျောက်စေရန် နန်းမတော်မယ်နုနှင့် မောင်တော် စလင်းစားမောင်အိုတို့ ဦးစီးပြီး ရွှေဖျင်းညီနောင် တောင်ပြုန်းမင်းနှစ်ပါးပွဲပြီးချိန် ပုပ္ပားမယ်တော်ကြီးပွဲ၊ ရတနာ့ဂူဘုရားပွဲများအဖြစ် တီထွင်ပြီး ပွဲများ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

ရှေးအစဉ်အဆက်လှည်းများ၊ လှေများနှင့် ကျင်းပခဲ့သည့် ရတနာ့ဂူပွဲတော်တွင် ပွဲတော်အမှတ်အသားပမာ ယခုထက်တိုင် ကျန်ရစ်ဆဲလက္ခဏာများမှာ ငှက်သမွန်၊ နတ်ဆိုင်း၊ အုန်းပွဲငှက်ပျောပွဲ၊ ကရေကရာမုန့်၊ မုန့်ခေါင်းအုံး၊ ရှောက်ပန်းသီးနှင့် ကျောက်ပန်းခွေများမှာမူ အထင်အရှားရှိနေသေးကြောင်း ဒေသခံများက ပြောသည်။ (မင်းမင်း)

ရန်ကုန်မြို့တွင် ပြေးဆွဲမောင်းနှင်လျက်ရှိသော စီးတီးတက္ကစီအချို့ကို တွေ့ရစဉ်။

စီးတီးတက္ကစီများအားလုံး မီတာစနစ်ဖြင့်သာ ပြေးဆွဲမောင်းနှင် လူကူးမျဉ်းကျားများတွင် မော်တော်ယာဉ်များ အရှိန်လျှော့မောင်း

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြို့တွင် ပြေးဆွဲမောင်းနှင်လျက်ရှိသော စီးတီးတက္ကစီများအားလုံး မီတာစနစ်ဖြင့်သာ ပြေးဆွဲမောင်းနှင်ကြရန်နှင့် လူကူးမျဉ်းကျားများတွင် မော်တော်ယာဉ်များ အရှိန်လျှော့၍ မောင်းနှင်ကြရန်အတွက် ပညာပေးကာလ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ဩဂုတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

စီးတီးတက္ကစီများအားလုံး မီတာစနစ်ဖြင့်သာ ပြေးဆွဲမောင်းနှင်ကြရန်နှင့် ခရီးသည်များကလည်း မီတာနှုန်းထားဖြင့်သာ စီးနင်းကြရန် ၂၀၁၁ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၃၁ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ကာ လှုံ့ဆော်ပညာပေးမှုများကို ဆောင်ရွက်သွားမည်ဟု ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

ပညာပေးကာလ စီမံချက်ဖြင့် အသံချဲ့စက်များ အသုံးပြုကာ အသိပညာပေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူကူးမျဉ်းကျားများတွင် အရှိန်လျှော့မောင်းရေးအတွက်ကိုလည်း အသိပညာပေးသွားမည်ဟု သိရသည်။ ပညာပေးကာလကုန်ဆုံးမည့် စက်တင်ဘာ ၁ ရက်မှစတင်၍ အရေးယူမှုများကို စတင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ရန်ကုန်မြို့တွင် ပြေးဆွဲလျက်ရှိသော အငှားယာဉ်များအနက် မီတာတပ်ဆင်ပြီးခဲ့သော တက္ကစီယာဉ်စီးရေမှာ ၁၁၉၇၃ စီးဖြစ်သည်ဟု သိရသည်။ မီတာစနစ်ဖြင့် မောင်းနှင်ခြင်း ရှိ၊ မရှိ ယာဉ်မောင်းအပြင် ခရီးသည်များကိုပါ စစ်ဆေးဆောင်ရွက်သွားမည်ဟု သိရသည်။

၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက ယာဉ်မောင်းအား ပထမအကြိမ်တွင် စီမံချက်နှင့် ယာဉ်စည်းကမ်း ဒဏ်ငွေ ၁၁၅၀၀ ကျပ်နှင့် လိုင်းစင်တစ်လပိတ်သိမ်း၊ ဒုတိယအကြိမ်တွင် ဒဏ်ငွေ ၃၁၅၀၀ ကျပ်နှင့် လိုင်စင်သုံးလပိတ်သိမ်း၊ တတိယအကြိမ်တွင် စီအင်န်ဂျီသဘာဝဓာတ်ငွေ့ ထုတ်ယူခွင့် တစ်လပိတ်သိမ်း အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၀၉ ခုနှစ်ကလည်း တက္ကစီမီတာစနစ် အသက်ဝင်စေရန် ယင်းသို့ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။ ယခုလည်း မီတာစနစ် ပြန်လည်အသက်ဝင်စေရန် ဆောင်ရွက်ခြင်းတွင် အဆင်ပြေစေရန်မှာ ယာဉ်မောင်းနှင့် ခရီးသည် နားလည်မှုရှိရန်လိုအပ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

မီတာစနစ်ဖြင့် ယာဉ်စီးခ သတ်မှတ်ထားရာတွင် ယာဉ်ပေါ်သို့ စတင်တက်တက်ခြင်း ငွေကျပ် ၅၀၀၊ ခရီးတစ်ကီလိုမီတာလျှင် ငွေကျပ် ၁၅၀ နှုန်းနှင့် မီးပွိုင့်များကဲ့သို့ စောင့်ဆိုင်းခမှာ တစ်မိနစ်လျှင် ၅၀ ကျပ်နှုန်းဖြင့် သတ်မှတ်ထားသည်။ အဆိုပါ သတ်မှတ်နှုန်းထားဖြင့် တက္ကစီစီးနင်းမည်ဆိုပါက ခရီးသည်နှင့် ယာဉ်မောင်း ညှိနှိုင်းစီးနင်းနေကြရသည့် နှုန်းထားများနှင့် ကွာခြားမှုမရှိသော်လည်း တက္ကစီမီတာစနစ်ဖြင့် စီးနင်းလိုသူနည်းပါးကြသည်ဟု သိရှိရသည်။ (ဆုနှင်းလဲ့-ကြေးမုံ)

၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်း အာမခံငွေ ကျပ်သိန်း ၁၃၀၀ ကျော် လျော်ကြေးပေးအပ်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ဆောင်မှုပေးလျက်ရှိသော အာမခံအမျိုးအစားပေါင်း ၄၆ မျိုးအနက် ၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်းတွင် သင်္ဘောသားအသက်အာမခံ၊ ခရီးသွားအာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံနှင့် ရေကြောင်းကုန်စည်အာမခံတို့အတွက် အာမခံလျော်ကြေးငွေကျပ် သိန်းပေါင်း ၁၃၀၀ ကျော် ပေးအပ်ခဲ့ရကြောင်း မြန်မာ့အာမခံလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့အာမခံလုပ်ငန်းသည် ၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်းတွင် သင်္ဘောသားအသက်အာမခံအတွက် သေဆုံးသူ သင်္ဘောသား ခုနစ်ဦး၏ ကျန်ရစ်သူမိသားစုဝင်များအား လျော်ကြေးငွေကျပ်သိန်း ၃၃၀၊ ရွှေကမ္ဘာခရီးသည်တင်ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် သေဆုံးခဲ့သူ ခရီးသည်နှစ်ဦးအတွက် ခရီးသွားအာမခံငွေကျပ် ၁၀ သိန်းစီနှင့် စက်တပ်ယာဉ်များနှင့် ထိခိုက်မိသူတိုင်း လျော်ကြေးရရှိသည့် သူတစ်ပါးထိခိုက်မှုအာမခံအတွက် ငွေကျပ် ငါးသိန်းစီ၊ ရေကြောင်းကုန်စည်အာမခံအတွက် ရန်ကုန်-မြိတ် ခရီးစဉ်မှ ရွှေရည်လင်းရေယာဉ်နှင့် မင်းမဟာ ရေယာဉ်နစ်မြုပ်မှုတို့အတွက် လျော်ကြေးငွေကျပ် ၉၅၅၉၅၀၀၀ အပါအဝင် စုစုပေါင်းပေးလျော်ခဲ့သည့် လျော်ကြေးငွေမှာ ၁၃၁၅၉၅၀၀၀ (ကျပ်တစ်ထောင့်သုံးရာတစ်ဆယ့်ငါးသိန်းကိုးသောင်းငါးထောင်တိတိ)ဖြစ်သည်။

အဆိုပါ လျော်ကြေးငွေများကို ဩဂုတ် ၁၇ ရက်က မြန်မာ့ အာမခံလုပ်ငန်းရုံးချုပ်တွင် ပေးအပ်ခဲ့ရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်းများနှင့် အကျိုးခံစားခွင့်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (၀၀၁)

သဃ်န်းကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့အမှုဆောင် စည်းဝေး

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်အစည်းအဝေးကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ရေနံမြေ မောင်မောင်ကြည်နှင့် အမှုဆောင်များ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး စာပေဟောပြောပွဲ ကျင်းပရေး၊ ရန်ပုံငွေရှာဖွေရေး၊ စာပေကဏ္ဍ မြင့်မားတိုးတက်လာရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ (စိုးမင်း-သတင်းစဉ်)

ဝတ်မှုံရွှေရည် မွေးနေ့အထိမ်းအမှတ် ကျပ်သိန်း ၇၀ မိဘမဲ့ကလေးများအတွက်လှူ

ရန်ကုန် ဩဂုတ် ၂၂

သရုပ်ဆောင် ဝတ်မှုံရွှေရည်၏ မွေးနေ့အထိမ်းအမှတ် The Portfolio of Hmone Hmone ဓာတ်ပုံအယ်လ်ဘမ်မှတ်တမ်းစာအုပ် အမှတ်တရ လက်မှတ်ရေးထိုးရောင်းချပွဲကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ၌ ကျင်းပသည်။

အဆိုပါ စာအုပ်ရောင်းရငွေမှ အကျိုးအမြတ်များကို မိဘမဲ့ကလေးများအတွက် လှူဒါန်းရန် စီစဉ်ထားရာ ငွေကျပ်သိန်း ၇၀ ကို အမှတ်တရလက်မှတ်ရေးထိုးရောင်းချပွဲ၌ ပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)** ထို့နောက် သရုပ်ဆောင် ဝတ်မှုံရွှေရည်၏ (၂၃)နှစ်ပြည့် မွေးနေ့ပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်အားပေးသည့် အနုပညာမောင်နှမများနှင့်အတူ မွေးနေ့ကိတ်ကို တပျော်တပါးလှီးဖြတ်ကြကာ မိဘမဲ့ကလေးများအား ဝတ်မှုံရွှေရည်ကိုယ်တိုင် မွေးနေ့ကိတ်ကို ကျွေးမွေးပြီး လက်ဆောင်ပစ္စည်းများကိုပါ ပေးအပ်ခဲ့သည်။ (၆၈၁)

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်တစား ဝင်ရောက်လေ့လာ

မန္တလေး ဩဂုတ် ၂၂

မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) သို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်တစားဝင်ရောက်လေ့လာလျက်ရှိသည်။ **(အောက်ပုံ)**

"နိုင်ငံခြားသားခရီးသွားတွေ မန္တလေးရောက်ရင် တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) ထဲဝင်ပြီး စိတ်ဝင်တစား လာရောက်လေ့လာတတ်ပါတယ်။ အများစုက မန္တလေးတောင်ပေါ်တက်ပြီး ပြန်ဆင်းလာတဲ့အခါ အပန်းဖြေရင်း ဝင်ရောက်လေ့လာကြတာဖြစ်ပါတယ်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေကိုလည်း ပြည်တွင်းဧည့်သည်တွေ အတိုင်းပါပဲ။ ဝင်ကြေးကို လူကြီး ငွေကျပ် ၅၀၀၊ ကလေး ငွေကျပ် ၂၀၀ နှုန်း ယူပါတယ်။ သူတို့ကတော့ ဒေသခံတွေလို ဥယျာဉ်ထဲမှာ ရောက်တတ်ရာရာ လေ့လာကြည့်ရှုတာလိုမဟုတ်ဘဲ ဥယျာဉ်တည်ရှိပုံကို လက်ကမ်းမြေပုံကြည့်ပြီး လည်ပတ်ကြည့်ရှုလေ့လာကြတာပါ" ဟု အဆိုပါဥယျာဉ်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။

တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)တွင် မကြာသေးမီက ကျားပေါက်လေးနှစ်ကောင်မွေးဖွားထားပြီး ဥယျာဉ်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးသည်။ စနေ၊ တနင်္ဂနွေရက်များတွင် ဆင်လိမ္မာကပွဲကဲ့သို့ တိရစ္ဆာန်ကပွဲများ၊ ပျော်ပွဲ ရွှင်ပွဲများဖြင့် လာရောက်လည်ပတ် ကြည့်ရှုသူများကို ဖျော်ဖြေပေးပြီး ယခု ဝါတွင်းကာလတွင် စနေ၊ တနင်္ဂနွေနေ့အစား တနင်္ဂနွေနေ့နှင့် ဥပုသ်နေ့များသို့ ပြောင်းလဲဖျော်ဖြေပေးလျက်ရှိကြောင်း သိရသည်။

ဒေသခံရုံးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် လာရောက်လည်ပတ်ကြည့်ရှုသူများပြားသည့် နေ့ရက်များအလိုက် ဆင်လိမ္မာကပွဲကဲ့သို့ ပျော်ပွဲရွှင်ပွဲကပြသည့် ဖျော်ဖြေပွဲကျင်းပနေ့ရက်များ ပြောင်းလဲပြုလုပ်မည်ဖြစ်သည်။ (၅၇၉)

ခရီးသည်တင်ယာဉ်လုပ်သားများ ရှေးဦးသူနာပြုစု တတ်ရမည်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီ ကွပ်ကဲမှုလက်အောက်ရှိ ခရီးသည်တင်ယာဉ်လုပ်သားများအား ရှေးဦးသူနာပြုစုနည်း ရက်တိုသင်တန်းပေးအပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီမှ သိရှိရသည်။

ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်သည့်အခါတွင် ယာဉ်လုပ်သားများကို ယာဉ်ကို စွန့်ခွာခြင်းမပြုရန် ညွှန်ကြားထားသော်လည်း ယာဉ်ကို စွန့်ခွာထွက်ပြေးနေမှုများ ရှိနေသောကြောင့် ယာဉ်လုပ်သားများ၏ ခံယူချက်သဘောထားများ တိုးတက်မြင့်မားလာစေရေး၊ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးသူနာပြုစုကုသမှုအတွက် အထောက်အကူပြုနိုင်ရေးတို့ကို ရည်ရွယ်ကာ ရှေးဦးသူနာပြုစုနည်း (Road Accident First Aid) ရက်တိုသင်တန်းပို့ချရန် စီစဉ်ခြင်းဖြစ်သည်ဟု မထသဗဟိုမှ သတင်းထုတ်ပြန်ခဲ့သည်။

ရှေးဦးသူနာပြုစုနည်း ရက်တိုသင်တန်းကို ယာဉ်လုပ်သား ၁၀၀၀ တို့အား သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းတစ်ကြိမ်လျှင် ၁၀၀ ဦးဖြင့် ၁၀ ကြိမ် ပို့ချသွားမည်ဖြစ်သည်။ ယာဉ်လုပ်သား ၁၀၀၀ ပြည့်သွားပါက သက်ဆိုင်ရာ ယာဉ်လိုင်းများအလိုက် သင်တန်းပို့ချမှုများကို ထပ်မံပြုလုပ်သွားမည်ဖြစ်သည်။ (ဆုနှင်းလဲ့-ကြေးမုံ)

အစိုးရသက်တမ်းနုနယ်သေးပေမယ့် နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးကဏ္ဍအသီးသီးမှာ ပြည်သူလူထုအကျိုးကို ရှေ့တန်းတင် ကြိုးပမ်းဆောင်ရွက်နေ

အစိုးရအဖွဲ့တစ်ရပ်ရဲ့ စွမ်းဆောင်နိုင်မှုအရည်အသွေးကို အစိုးရသက်တမ်းတစ်ခုလုံးနဲ့မှသာ တိုင်းတာသတ်မှတ်နိုင်မှာဖြစ်

ပြည်သူ့အစိုးရ ဖြစ်တာနဲ့အညီ ပြည်သူလူထုအကျိုးစီးပွားကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်

☆ ရွှေ့ဖုံးမှ

စနစ်တကျလည်ပတ်နေပြီဖြစ်ပါတယ်။ အလားတူ ဒီလွှတ်တော်ကြီးကပဲ သဘောတူ အတည်ပြုပေးလိုက်သည့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးဆောင်တဲ့ တရားစီရင်ရေးမဏ္ဍိုင်ဟာလည်း ဥပဒေနဲ့အညီ တရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရ ခုခံချေပပိုင်ခွင့်နှင့် အယူခံပိုင်ခွင့်ရှိရေးစတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနဲ့အညီ တိကျမှန်ကန်စွာ ထမ်းရွက်နေကြပြီဖြစ်ပါတယ်။

စွမ်းဆောင်ရည်မြှင့်မားရေး

လွှတ်တော်အရပ်ရပ်ရဲ့ အဓိကတာဝန်ကြီးများဖြစ်သည့် ဥပဒေပြုရေးနှင့် အပြန်အလှန်ထိန်းကျောင်းရေးတို့ကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီများ၏ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် Capacity Building ကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရပါတယ်။

ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ အပြန်အလှန်ထိန်းကျောင်းမှုများနဲ့အညီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့ကျကျ အသက်ဝင်ပုံပေါ်လာအောင် ပုံဖော်တည်ဆောက် ထမ်းရွက်နေကြပြီဖြစ်တဲ့အတွက် ခေတ်သစ်၊ စနစ်သစ်တစ်ရပ်ကို ချောမွေ့ညင်သာအောင်မြင်စွာ ကူးပြောင်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချုပ်အခြာအာဏာကြီးသုံးရပ်ကို စနစ်တကျ တည်တည်ငြိမ်ငြိမ်နဲ့ အသက်ဝင်လာအောင် ဆောင်ရွက်နိုင်ခဲ့တဲ့ အောင်မြင်မှုအတွက် နိုင်ငံတော်နဲ့ ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာပဏာမ ပြောကြားလိုပါတယ်။

ကျွန်တော်နှင့်တကွ အစိုးရအဆင့်ဆင့်၊ နာယကကြီးနှင့်တကွ လွှတ်တော်အရပ်ရပ်တို့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ထမ်းဆောင်ပါမည်ဟု ကတိသစ္စာပြုထားကြသူများ ဖြစ်ကြပါတယ်။

ကျွန်တော့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်ထောင်စုလွှတ်တော်က အပ်နှင်းထားတဲ့ နိုင်ငံတော်သမ္မတရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်မှန်ကန်စွာကျင့်သုံးပြီး အမျိုးသားအကျိုးစီးပွားကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ကြသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ကာ ကျွန်တော်တို့ရဲ့ မှန်ကန်တဲ့ စေတနာကို ထုတ်ဖော်ပြသဆောင်ရွက်လျက်ရှိပါတယ်။

ပြဋ္ဌာန်းချက်နဲ့အညီ

ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းရင်းသားတွေရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နဲ့အညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ နယ်စပ်ဒေသတွေမှာ တည်ငြိမ်အေးချမ်းမှု ခိုင်မာလာတာနဲ့အမျှ စီးပွားရေးအခြေအနေကောင်းတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ဖြစ်ပေါ်လာအောင် ကုန်သွယ်ရေးနယ်မြေတွေ စက်မှုလုပ်ငန်းတွေ ဖန်တီးဖော်ဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ကြသေးတဲ့ ပြည်တွင်းနိုင်ငံရေး အင်အားစုများကိုလည်း သဘောထားအမြင် ကွဲလွဲမှုကြောင့် ဖြစ်ပေါ်နေခဲ့တဲ့ ပဋိပက္ခတွေလျော့ပါးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီမိုကရေစီကျင့်စဉ်တွေ ထွန်းကားပြန့်ပွားလာအောင် စတင်ကူးပြောင်းဆောင်ရွက်နေတဲ့ ဒီကနေ့ ဒီအချိန်မှာ မိမိတို့နိုင်ငံရဲ့ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနဲ့ လိုက်လျောညီထွေဖြစ်တဲ့ လွတ်လပ်မှုကို ဖော်ဆောင်ရာမှာ တွဲလျက်တည်ရှိနေတဲ့ တာဝန်ယူမှု၊ တာဝန်သိမှုဆိုတဲ့ Democratic Spirit ကိုလည်း ခိုင်မာလာအောင် ကိုယ်စီကိုယ်စီ ထူထောင်တည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။Democratic Practices ဖော်ဆောင်တဲ့ လုပ်ငန်းစဉ်တွေမှာလည်း သိသာမြင်သာတဲ့ တိုးတက်မှုတွေ၊ ရလဒ်ကောင်းတွေ စဉ်ဆက်မပြတ်ထွက်ပေါ်စေဖို့ ပြည်ထောင်စုအစိုးရရဲ့ အုပ်ချုပ်ရေးအခွင့်အာဏာကို အကျိုးရှိရှိအသုံးချပြီး ဆောင်ရွက်လျက်ရှိပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ပြည်သူအများ မျှော်လင့်နေကြတဲ့ ကောင်းမွန်သော အုပ်ချုပ်ရေး (Good Governance)၊ သန့်ရှင်းသောအစိုးရ (Clean Government)၊ ဒီမိုကရေစီကျင့်စဉ် (Democratic Practice)များ ထွန်းကားရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချရေး၊ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စတဲ့ လုပ်ငန်းစဉ်တွေကိုလည်း ဤလွှတ်တော်အား ကတိပြုပြောကြားထားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ခေတ်ပြောင်းနေပြီ

ပြည်သူ့အစိုးရဖြစ်နေပြီဖြစ်တဲ့အတွက် ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားရပါမယ်။ ပြည်သူလူထု စိတ်ကျေနပ်မှု၊ ပြည်သူလူထုစိတ်ချမ်းသာမှုကို ထမ်းဆောင်ကြတဲ့၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ယုံကြည်ကိုးစားအားထားမှုကို ခံယူထိုက်တဲ့ ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ခေတ်ပြောင်းနေပြီဖြစ်တဲ့အတွက် စနစ်ကိုပါ ပြောင်းလဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာမှာ လုပ်နည်းလုပ်ဟန်တွေ၊ ကြိုးနီစနစ်တွေ ဆက်လက်စွဲကိုင်ထားသူတွေ၊ တာဝန်သိမှု၊ တာဝန်ယူမှုကင်းမဲ့ပြီး အဂတိလိုက်စားမှုများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အုပ်ချုပ်ရေးအာဏာဟာ ပြည်ထောင်စုတစ်ဝန်းလုံးမှာ တည်ရမှာဖြစ်ပါတယ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များရဲ့ အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်ရေးအသွင်သဏ္ဌာန်များကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အသက်ဝင်အကောင်အထည်ပေါ်လာစေရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အုပ်ချုပ်ရေးစနစ်သစ်၊ အုပ်ချုပ်ရေးအသွင်သဏ္ဌာန်သစ်ကို စတင်ဖော်ဆောင်ရချိန်ဖြစ်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများရဲ့ Institutional Building နှင့် Capacity Building တို့ဟာလည်း အရှိန်အဟုန်ရရှိလာတာနဲ့အမျှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များရဲ့ အပြန်အလှန်ထိန်းကျောင်းမှု လုပ်ငန်းစဉ်တွေကို ခိုင်ခိုင်မာမာ ပုံဖော်တည်ဆောက်လာနိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်မှသည် ရပ်ကွက်/ကျေးရွာအဆင့်အထိ အဆင့်ဆင့်သော အုပ်ချုပ်ရေးမဏ္ဍိုင်ကြီးများဟာလည်း ဥပဒေများ စနစ်တကျ ထွက်ပေါ်လာပြီးတဲ့နောက်မှာ ပိုမိုထိရောက်မှန်ကန်သော၊ ပြည်သူလူထုပါဝင်မှုကို ရှေးရှုဦးတည်သော အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်ရေးအသွင်သဏ္ဌာန်များ ဖြစ်ပေါ်လာတော့မှာဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဤလွှတ်တော်သို့ ပေးအပ်ခဲ့တဲ့ ကတိကဝတ်များနှင့်အညီ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်လေ့လာပြီး စီးပွားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ **ပြည်သူများ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်** ဟူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးမှာ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်နှင့် စပ်လျဉ်းပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဥပဒေပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ အလားတူ ခေတ်၊ စနစ်နှင့် မလျော်ညီတော့တဲ့ အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင်လစာ၊ နိုင်ငံရေးပင်စင်လစာများကိုလည်း ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့်အညီ ပြည်ထောင်စုအစိုးရရဲ့ လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကုလသမဂ္ဂ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်နဲ့အညီ ၂၀၁၅ ခုနှစ်မှာ ဆင်းရဲနွမ်းပါးမှုနှုန်းထား ၁၆ ရာခိုင်နှုန်း အထိ လျှော့ချနိုင်အောင် ရည်မှန်းချက်ထား ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ လက်ရှိအချိန် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထား အတက်အကျ မတည်ငြိမ်မှုများ၊ ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် မသေချာမရေရာဖြစ်ပေါ်နေမှု အနေအထားများ၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုအန္တရာယ်ကျရောက်ခြင်းများ ဖြစ်ပေါ်လာနေတဲ့အတွက် စပါးစိုက် တောင်သူလယ်သမားများအနေဖြင့် ထိခိုက်နစ်နာမှုများရှိနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ **“နိုင်ငံတော်သည် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်”** ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ကျွန်တော်တို့ အစိုးရအနေနဲ့ တောင်သူလယ်သမားများ ထုတ်လုပ်မှုစရိတ် မကာမိသည့်အပြင် ဈေးနှိမ်ခံရခြင်း စတဲ့ အခက်အခဲများမှ လွတ်ကင်းစေရန်လည်း ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းပြီး ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားများ အနေနဲ့ နိုင်ငံတော်မှ လုပ်ပိုင်ခွင့်ပေးထားသည့် လယ်မြေများကို ဥပဒေနှင့်အညီ စိတ်ချလက်ချဖြင့် သားစဉ်မြေးဆက်တိုင် စိုက်ပျိုးထုတ်လုပ်နိုင်အောင် အစီအမံများလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ကင်းလွတ်ခွင့်ပေး

နိုင်ငံတကာ ငွေကြေးစနစ်များရဲ့ မတည်ငြိမ်မှု၊ ကမ္ဘာ့စီးပွားရေး အခြေအနေယိမ်းယိုင်နေမှုစတဲ့ External Factor များကြောင့်လည်း ပြည်တွင်းစီးပွားရေးအပေါ် ရိုက်ခတ်မှုများ ဖြစ်ပေါ်နေပါတယ်။ ဒီလိုဆက်နွှယ်ဖြစ်ပေါ်မှုများအရ ကျွန်တော်တို့ ပြည်တွင်းစီးပွားရေး လုပ်ငန်းတွေမှာ အကျပ်အတည်းအချို့ ဖြစ်ပေါ်လာခဲ့တာတွေလည်း ရှိနေပါတယ်။ ပြည်ပကုန်သွယ်မှုလုပ်ငန်းတွေ ပိုမိုမြန်ဆန်သွက်လက်လာအောင် ပို့ကုန်သွင်းကုန် လိုင်စင်တွေကို အများဆုံး နှစ်ပတ်အတွင်း ရရှိအောင်၊ ကုမ္ပဏီထူထောင်ခွင့်လိုင်စင်တွေကို အများဆုံးနှစ်လအတွင်း ရရှိအောင်၊ နိုင်ငံကူးလက်မှတ်တွေ အများ…
ဆောင်ရွက်ပေးခဲ့သလို ပို့ကုန်အပေါ် ကေ…
ခုနစ်ရာခိုင်နှုန်းသာ ကောက်ခံစေတဲ့ စနစ်…
ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ပို့ကုန်…
အခဲတွေနဲ့ ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်…
တွေအပေါ် ကောက်ခံနေတဲ့ ကုန်သွယ်လု…
သက်တမ်းနဲ့ ကင်းလွတ်ခွင့်ပေးခြင်းများ …

ပြင်ဆင်သတ်…

စက်မှုနိုင်ငံထူထောင်ရေးအတွက် …
အသေးစားနှင့် အလတ်စားစက်မှုလုပ်…
တိုးတက်လာအောင် လုပ်ငန်းပမာဏပေါ်…
ပြေလွယ်ကူစေအောင်လည်း လုပ်ထုံး…
ဆောင်ရွက်နေပြီဖြစ်ပါတယ်။ စက်မှု…
မသမာတဲ့ နည်းလမ်းတွေကို ရှောင်…
လေးစားလိုက်နာကြဖို့၊ စည်းကမ်းရှိဖို့၊ …
မတင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတ…

နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထား အ…
ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ခေတ်၊ စနစ်န…
နိုင်ရေးအတွက် အမျိုးသားအဆင့် အလု…
ရောက်ဆွေးနွေးနိုင်စေရန် ဆောင်ရွက်ခဲ့ပြ…
ပွဲက ထွက်ပေါ်လာတဲ့ အကြံပြုချက်၊ ရလ…
သပ်ပြီး နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစ…
နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ နေ့စဉ် လူမှ…
ထိခိုက်နစ်နာမှုမရှိစေဖို့ သတိရှိရှိ အကော…
မှာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာလည်း ကျွန်တော်…
တကာစီးပွားရေး၊ ငွေကြေးဖြစ်ပေါ်တိုး…
အခြေအနေများနှင့်အညီ မျက်ခြည်မပြတ်…
တစ်မျိုးသားလုံး အကျိုးစီးပွားအတွက်…
ပြည်ထောင်စုအစိုးရရဲ့ အုပ်ချုပ်ရေး…
တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်…
လုပ်ငန်းများ လုပ်ကိုင်ရာမှာလည်း ဖွံ့…
များနဲ့အညီ တရားဥပဒေအရ ယှဉ်ပြိုင်…
အခွင့်အလမ်းများရရှိရေးတို့ကို အဓိ…
အပိုကုန်ကျစရိတ် Transactional Co…
ကြိုးနီစနစ်များ ရှင်းလင်းဖယ်ရှား…
အသက်ဝင် ရှင်သန်နိုင်မှာလား၊ စ…
လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို…
ပြောင်းလဲကျင့်သုံးရေးတို့ကို အလေး…
ဖြစ်ပါတယ်။

ကြိုးပမ်းဆောင်ရွက်နေ
သတ်မှတ်နိုင်မှာဖြစ်
င်ရွက်သွားမှာဖြစ်

တက်ရောက်လာကြသူများ

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။(အပေါ်ပုံ နှင့် ဝဲပုံ) (သတင်းစဉ်)

ရရှိအောင်၊ နိုင်ငံကူးလက်မှတ်တွေ အများဆုံး ၂၁ ရက်အတွင်း ရရှိအောင်ဆောင်ရွက်ပေးခဲ့သလို ပို့ကုန်အပေါ် ကောက်ခံတဲ့ အခွန်နှုန်းထားကိုလည်း ခုနစ်ရာခိုင်နှုန်းသာ ကောက်ခံစေတဲ့ စနစ်ကို ပြင်ဆင်ပြောင်းလဲဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ပို့ကုန်လုပ်ငန်းနယ်ပယ်အချို့မှာ အခက်အခဲတွေနဲ့ ဆက်လက်ရင်ဆိုင်နေရဆဲ ဖြစ်တာကို တွေ့ရှိရတဲ့အတွက် ပို့ကုန်တွေအပေါ် ကောက်ခံနေတဲ့ ကုန်သွယ်လုပ်ငန်းခွန်များကိုလည်း ခြောက်လသက်တမ်းနဲ့ ကင်းလွတ်ခွင့်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ပြင်ဆင်သတ်မှတ်နေ

စက်မှုနိုင်ငံထူထောင်ရေးအတွက် အဓိက အသက်သွေးကြောဖြစ်တဲ့ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ငန်းပမာဏပေါ် မူတည်ပြီး ရင်းနှီးမြှုပ်နှံမှု အဆင်ပြေလွယ်ကူစေအောင်လည်း လုပ်ထုံးလုပ်နည်းတွေ ပြင်ဆင်သတ်မှတ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ စက်မှုလုပ်ငန်းများကို အကြောင်းပြုပြီး မသမာတဲ့ နည်းလမ်းတွေကို ရှောင်ကြဉ်ဖို့၊ နိုင်ငံတော်ရဲ့ မူဝါဒတွေကို လေးစားလိုက်နာကြဖို့၊ စည်းကမ်းရှိဖို့၊ ကိုယ့်အကျိုးစီးပွားကိုပဲ ရှေ့တန်းမတင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထား အပါအဝင် စီးပွားရေးမူဝါဒများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ခေတ်၊ စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို အလွှာစုံ တက်ရောက်ဆွေးနွေးနိုင်စေရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲက ထွက်ပေါ်လာတဲ့ အကြံပြုချက်၊ ရလဒ်များကို စနစ်တကျ လေ့လာသုံးသပ်ပြီး နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများနဲ့ ဆွေးနွေးတိုင်ပင်ကာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ နေ့စဉ် လူမှုစီးပွားဘဝတွေကို ရေတို၊ ရေရှည် ထိခိုက်နစ်နာမှုမရှိစေဖို့ သတိရှိရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာလည်း ကျွန်တော်တို့ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတကာစီးပွားရေး၊ ငွေကြေးဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်တွင်းစီးပွားရေးအခြေအနေများနှင့်အညီ မျက်ခြည်မပြတ် အနီးကပ်စောင့်ကြည့်လေ့လာပြီး တစ်မျိုးသားလုံး အကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက်တာတွေကို ပြည်ထောင်စုအစိုးရရဲ့ အုပ်ချုပ်ရေးအခွင့်အာဏာနဲ့အညီ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ တရားသဖြင့် ယှဉ်ပြိုင်နိုင်ရေး၊ လူတိုင်းလူတိုင်း တန်းတူရည်တူ အခွင့်အလမ်းများရရှိရေးတို့ကို အစွမ်းကုန်မြှင့်တင်ပေးပြီး မလိုအပ်သော အပိုကုန်ကျစရိတ် Transactional Cost များ လျှော့နည်းကျဆင်းရေး၊ ကြိုးနီစနစ်များ ရှင်းလင်းဖယ်ရှားရေး၊ ဈေးကွက်စီးပွားရေးယန္တရားများ အသက်ဝင် ရှင်သန်ခိုင်မာလာရေး၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံတဲ့ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲကျင့်သုံးရေးတို့ကို အလေးအနက်ထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီးလည်း နိုင်ငံတော်ရဲ့ စီးပွားရေးမဏ္ဍိုင်မှာ Key Driver များဖြစ်ကြတဲ့ ပုဂ္ဂလိကကဏ္ဍဦးဆောင်အသင်းအဖွဲ့များနဲ့လည်း စဉ်ဆက်မပြတ် ထိတွေ့ဆွေးနွေးပြီး နိုင်ငံတော်နဲ့ပြည်သူများရဲ့ အကျိုးစီးပွားကို မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အပိုင်းနဲ့ ပုဂ္ဂလိကအပိုင်း အပြန်အလှန်ပံ့ပိုးကူညီခြင်း၊ ပြည်တွင်းပြည်ပမှ ဖြစ်ပေါ်လာတဲ့ စီးပွားရေး အခက်အခဲများကို စုပေါင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းများ တိုးမြှင့်ဆောင်ရွက်ပြီး Public-Private Partnership လမ်းကြောင်းကို ခိုင်မာသည်ထက်ခိုင်မာအောင် ပုံဖော်တည်ဆောက်သွားမှာဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍကလည်း မိမိတို့အပိုင်းက စီးပွားရေးအကျိုးအမြတ်များ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ကြရာမှာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် ခိုင်မာတဲ့အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးဖော်ဆောင်ပေးနိုင်အောင်၊ နိုင်ငံတော်ရဲ့ အမျိုးသားကုန်ထုတ်စွမ်းရည် တိုးတက်မြင့်မားလာအောင်၊ နောင်အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်မှုဝန်းကျင်မှာ အရည်အသွေးနဲ့ စံချိန်စံညွှန်းမြင့်မားတဲ့ ကုန်ထုတ်လုပ်မှုတွေ တိုးမြှင့်ထုတ်လုပ်နိုင်အောင် နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်းကြိုးပမ်းအားထုတ်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ဆောင်ပေးနိုင်ရေး၊ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ပိုင်ခွင့်နှင့်ပတ်သက်သည့် ဥပဒေများကိုလည်း ခေတ်နှင့်အညီ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးကာကွယ်စောင့်ရှောက်မှုများကို ခေတ်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးတို့ကို ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး၊ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများကို နိုင်ငံတော်၏ ပကတိအခြေအနေမှန်နှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးတို့ကိုလည်း အထူးအလေးထား ဆောင်ရွက်ခဲ့ရာမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းပြင်ဆင်ပြဋ္ဌာန်းပေးကြရတော့မှာဖြစ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကို အစဉ်အမြဲ ဒွန်တွဲပြီး အဘက်ဘက်မှ လေ့လာသုံးသပ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများမှာ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ NGO အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

နိုင်ငံတကာနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးခြင်းမရှိခဲ့သော အစဉ်အဆက် ဂုဏ်ယူဖွယ်ရာ နိုင်ငံခြားရေးမူဝါဒ အစဉ်အလာကို ဆက်ခံကျင့်သုံးလျက်ရှိသော ကျွန်တော်တို့အစိုးရဟာ ကမ္ဘာ့နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိပါတယ်။ နိုင်ငံတကာနဲ့ ဒေသတွင်းအဖွဲ့အစည်းများတွင်လည်း တာဝန်ကျေပွန်သော ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့်လည်းပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ရယူထမ်းဆောင်ဖို့ တရားဝင်အဆိုပြုကမ်းလှမ်းခဲ့တာပဲဖြစ်ပါတယ်။ အာဆီယံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံး၊ နိုင်ငံတကာအဖွဲ့အစည်းအားလုံးကိုလည်း ကျွန်တော်တို့ ကြိုဆိုနေပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဒီကနေ့ သဟဇာတဖြစ်တဲ့ လူ့အဖွဲ့အစည်းကို ဖော်ဆောင်နိုင်မယ့် ဒီမိုကရေစီမြန်မာ့လူ့ဘောင်ကို ချောမွေ့ညင်သာစွာ ကူးပြောင်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့မျက်မှောက်အခြေအနေကို လေ့လာကြည့်ရင် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟာ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဂုဏ်ယူဖွယ်ရာ ကူးပြောင်းမှုတစ်ရပ်ဖြစ်တယ်ဆိုတာကို အထင်အရှား တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအပေါ် တားဆီးနှောင့်ယှက်မှုတွေရှိနေပေမယ့်လည်း ကျွန်တော်တို့ စိတ်ဓာတ်ကျစရာ၊ စိတ်ပျက်စရာအကြောင်းမရှိပါဘူး။ ကျွန်တော်တို့မှာ စည်းလုံးညီညွတ်တဲ့ ပဉ္စမမဏ္ဍိုင်ဖြစ်တဲ့ ပြည်သူလူထုကြီးရှိပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းမှာ ခေတ်အဆက်ဆက် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ ပိတ်ဆို့အရေးယူမှုများကြားမှာ၊ သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ရတဲ့အခါမျိုးမှာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ညီညွတ်မှုအားနဲ့ ကျွန်တော်တို့ကျော်လွှားအောင်မြင်ခဲ့ကြတာဖြစ်ပါတယ်။

အသင့်ရှိနေ

ဒီကနေ့ ဒီအချိန် ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက် ထောက်ခံအတည်ပြုပေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရှိပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရ ထွက်ပေါ်လာပြီဖြစ်တဲ့ အစိုးရရှိနေပါတယ်။ အပြန်အလှန်ထိန်းကျောင်းရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်အရပ်ရပ်ရှိနေပါပြီ။ သီးခြားတည်ရှိနေတဲ့ တရားစီရင်ရေးမဏ္ဍိုင် ရှိနေပါပြီ။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာတွေ ပိုမိုဖွံ့ဖြိုးလာနေပြီဖြစ်ပါတယ်။ ဒီအခြေအနေတွေကို မယုံကြည်သေးတဲ့သူတွေ ယုံကြည်လာအောင်၊ မမြင်ကြသေးတဲ့သူတွေ ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့လာအောင် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်သွားဖို့ ကျွန်တော်တို့ အသင့်ရှိနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေကို မှန်မှန်ကန်ကန် ဥပဒေနဲ့အညီ ပေးအပ်နိုင်အောင် ကြိုးစားလုပ်ဆောင်နေပြီ ဖြစ်ပါတယ်။

နာယကကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ကျွန်တော်တို့အစိုးရဟာ လသားအရွယ် အစိုးရတစ်ရပ်ပဲဖြစ်ပါတယ်။ အစိုးရသက်တမ်းနုနယ်သေးပေမယ့်လည်း ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ပြည်သူလူထုအကျိုးကို ရှေ့တန်းတင်ပြီး ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ အစိုးရအဖွဲ့တစ်ရပ်ရဲ့ စွမ်းဆောင်နိုင်မှုအရည်အသွေးကို အစိုးရသက်တမ်းတစ်ခုလုံးနဲ့မှသာ တိုင်းတာသတ်မှတ်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရကို ပြည်သူလူထုတစ်ရပ်လုံး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်ထောင်စုလွှတ်တော်က ယုံယုံကြည်ကြည် အပ်နှင်းထားတဲ့ တာဝန်၊ ကျေပွန်ရမယ့်ဝတ္တရားတွေကို တတ်နိုင်သမျှ အစွမ်းကုန်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။ ဒီကြီးလေးတဲ့ တာဝန်တွေကို ယုံကြည်လေးနက်စွာ ကျွန်တော်တို့ ပခုံးထက်မှာ တင်ထားကြတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အသက်ဝင်အောင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျွန်တော်နဲ့ ဒုတိယသမ္မတ နှစ်ဦးကအစပြုလို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးအဆင့်အထိ အဆင့်ဆင့်သော ပြည်ထောင်စုအစိုးရအဖွဲ့တစ်ရပ်လုံးအနေနဲ့ အုပ်ချုပ်ရေးအာဏာကို ထိထိရောက်ရောက် မှန်မှန်ကန်ကန်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

အစွမ်းကုန်ကြိုးပမ်း

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့အစိုးရဟာ ပြည်သူတွေဖြစ်နေတာတွေ၊ ပြည်သူတွေဖြစ်ချင်တာတွေကို ကျွန်တော်တို့ သိပါတယ်။ အပြည့်အဝဖြည့်ဆည်းဆောင်ရွက်နိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ ပြည်သူလူထုအကျိုးစီးပွားကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	"ဗုဒ္ဓမြတ်စွာတို့ဆရာ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆:၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၄)**
၇:၃၀	MRTV-4 သတင်း
၈:၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၆)**
၈:၅၀	တော်ဝင်မိသားစု နှစ်ပတ်လည်ငွေရတုမင်္ဂလာ
၉:၀၅	Activities in The City
၉:၁၅	ပြည်သူများ၏ကျန်းမာရေး လိုအပ်ချက်ကိုဖြည့်ဆည်းပေးမည့် . . . ပြဟ္မစိုရ်
၉:၃၅	Cartoon Show Time (HOP)
၁၀:၂၀	အရိုးအကြောအဆစ်များ ပြန်လည်သန်စွမ်းစေမည့်နှင်းဆီ
၁၀:၄၅	Celebrity Style
၁၁:၁၅	International Show Biz
၁၁:၃၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၅	သင်ကြားရေးလမ်းညွှန်
၁၂:၂၅	မုံရွာမြို့ရဲ့ အထင်ကရနေရာ(၉)ခု
၁:၀၀	"ဗုဒ္ဓမြတ်စွာတို့ဆရာ" တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	ပန်းပျိုးလက်ရဲ့ငွေကြယ်ပွင့်
၂:၄၀	Activities in The City
၃:၀၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "နောက်တယ်နော် ရိုက်ကွင်းအမှတ်တရ"
၃:၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၄)**
၄:၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၆)**
၅:၀၀	Activities in The City
၅:၁၅	မလေးရှားနိုင်ငံ Mahkota Medical Centre
၅:၄၅	လှပခေတ်မီ K-1 အကယ်ဒမီ (ဒီဇိုင်နာခင်မျိုးဝင်း)
၆:၀၀	MRTV-4 သတင်း
၆:၂၀	စင်ကာပူနိုင်ငံရဲ့ ငှက်မျိုးစုံကိုတွေ့မြင်နိုင်တဲ့ JURONG BIRD PARK
၆:၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၀၅)**
၇:၃၀	Celebrity Choice
၈:၀၀	MRTV-4 သတင်း
၈:၃၀	အနုပညာမိုးကောင်းကင်
၈:၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၄၇)**
၁၀:၂၀	ဦးဆုံးအစဘဝရဲ့အလှ(ဇော်ပိုင်)
၁၀:၃၅	ဂီတနက်သန်ကိုစောညိမ်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ (အပိုင်း-၃)
၁၀:၅၀	World of Knowledge
၁၁:၃၅	စေတနာအမှန်ဖြင့် . . .
၁၁:၅၀	Box Office Movies (Watch Men)
၁၂:၁၅	စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
၁၂:၃၅	လှပချစ်စရာလက်မှုအနုပညာ
၁:၀၅	နတ်လူသာဓုခေါ် စေသော်ဝ် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
၁:၂၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁:၅၀	JAPAN VIDEO TOPICS
၁:၅၅	ရေပျော်ငှက်၏တောင်ပံခတ်သံ
၂:၁၅	စွဲမက်ဖွယ်ရာရတနာ ကြည်လင်အေးမြ မြကျောက်အလှ(အပိုင်း-၁)
၂:၄၅	ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့အလည်တစ်ခေါက်
၄:၂၅	အဘိုးအဘွားများ အေးချမ်းစွာနားခိုရာ ချမ်းမြေ့သာယာစံတော်သာ
၄:၅၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြားသုံးဆူဘုရား
၅:၀၀	အစီအစဉ်ပြီး။

ပြည်တွင်းပြည်ပအားကစားသတင်းများ

ဆင်ဆင်နတီ တင်းနစ်ပြိုင်ပွဲပြီးဆုံး အင်ဒီမာရေးနှင့် ရှာရာပိုဗာတို့ ဗိုလ်စွဲ

ဆင်ဆင်နတီ ဩဂုတ် ၂၂

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ဆင်ဆင်နတီမြို့တွင် ကျင်းပသည့် WTA Tour Western & Southern Open ပြိုင်ပွဲဖြစ်သည့် ဆင်ဆင်နတီတင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲများကို တနင်္လာနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ ဗြိတိန်တင်းနစ်သမား အင်ဒီမာရေးနှင့် ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာတို့ နိုင်ပွဲရရှိပြီး ချန်ပီယံဆုဖလား ကိုင်မြှောက်နိုင်ခဲ့ကြသည်။ **(အောက်ပုံ)**

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်၌ အမေရိကန်တင်းနစ်ကစားသမား ဖက်ရှ်ကို အနိုင်ယူပြီး တက်လာသည့် အင်ဒီမာရေးသည် ယခုဗိုလ်လုပွဲတွင် ဆားဘီးယားနိုင်ငံသား ဂျိုကိုဗစ်ကို ၆-၄၊ ၃-၀ ဖြင့် အနိုင်ရနေချိန်တွင် ဂျိုကိုဗစ်သည် ပခုံးဒဏ်ရာကြောင့် ပြိုင်ပွဲကို ရပ်နားပြီး အရှုံးပေးသွားသည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင်မူ မာရီယာရှာရာပိုဗာက ဆားဘီးယားတင်းနစ်မယ် ယန်ကိုဗစ်ကို ၄-၆၊ ၇-၆၊ ၆-၃ ဖြင့် အနိုင်ရကာ ချန်ပီယံဖြစ်ခဲ့သည်။ ချန်ပီယံဖြစ်ခဲ့သူ မာရီယာရှာရာပိုဗာက "နောက်ဆုံးတော့ ကျွန်မကံကောင်းထောက်မစွာဘဲ ချန်ပီယံဆုကို ကိုင်မြှောက်နိုင်ခဲ့ပါပြီ။ ဒီအောင်မြင်မှုဟာ မကြာမီကျင်းပတော့မယ့် ယူအက်စ်အိုးပင်းပြိုင်ပွဲအတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့ရပါတယ်" ဟု ပြောကြားခဲ့သည်။ **အင်တာနက်။**



ဗလင်စီယာမှ မာတာ ချယ်လ်ဆီးသို့ ပြောင်းရွှေ့မည်

လန်ဒန် ဩဂုတ် ၂၂

ချယ်လ်ဆီးအသင်းသည် ဗလင်စီယာအသင်းမှ စပိန်တောင်ပံကစားသမား ဂျူအန်မင်နျူရယ်မာတာကို ပေါင် ၂၃ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ချယ်လ်ဆီးအသင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အသက် (၂၃) နှစ်ရှိ အဆိုပါ စပိန်နိုင်ငံသားသည် မကြာမီဆေးစစ်မှုများခံယူပြီး ချယ်လ်ဆီးနှင့် စာချုပ်လက်မှတ်ရေးထိုးသွားမည်ဟု ဆိုသည်။ ၂၀၀၇ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ ဗလင်စီယာအသင်းသို့ ပြောင်းရွှေ့ခဲ့သည့် မာတာသည် စပိန်အသင်းနှင့်အတူ ၂၀၁၀ ကမ္ဘာ့ဖလားတွင် ပါဝင်ခဲ့သကဲ့သို့ ယူရိုပီယံ ချန်ပီယံရှစ် ချန်ပီယံဖြစ်ခဲ့သည့် စပိန် ယူ-၂၁ အသင်း၏ အသင်းခေါင်းဆောင်တစ်ဦးလည်း ဖြစ်ခဲ့သည်။ ဗလင်စီယာအသင်းအနေဖြင့် ယခု မာတာကို လက်လွှတ်မည်ဆိုပါက ဒေးဗစ်ဗီလာ(ဘာစီလိုနာ)၊ ဒေးဗစ်ဆေးလ်ဗား(မန်စီးတီး)နှင့် ရာအူးလ်အယ်လ်ဘီရယ်(ရီးယဲလ်မက်ဒရစ်)တို့ အပါအဝင် ကမ္ဘာ့ဖလားကို ကိုင်မြှောက်နိုင်ခဲ့သည့် စပိန်နိုင်ငံသား လေးဦးစလုံးကို အသင်းမှ ရောင်းထုတ်ခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

စပိန်တောင်ပံကစားသမား ဂျူအန်မင်နျူရယ်မာတာ။

ဟန်သစ်

အာဂျင်တီးနားအသင်းနှင့် နိုက်ဂျီးရီးယားအသင်းတို့ ယှဉ်ပြိုင်မည့် ဘန်ဂါဘန်ဒူ အမျိုးသားအားကစားပြိုင်ကွင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်မှာ ကျင်းပမယ့် အာဂျင်တီးနားနဲ့ နိုက်ဂျီးရီးယားတို့ရဲ့ ခြေစမ်းပွဲ

ဘင်္ဂလားဒေ့ရှ်ဘောလုံးအဖွဲ့ချုပ်(ဘီအက်ဖ်အက်ဖ်)ဟာ လာမယ့်လအတွင်း မြို့တော်ဒါကာမှာ ကျင်းပမယ့် အာဂျင်တီးနားနဲ့ နိုက်ဂျီးရီးယားတို့ရဲ့ ဘောလုံးပြိုင်ပွဲကနေ ထွက်ပေါ်လာမယ့် အခွင့်အလမ်းတစ်ရပ်ကို ရအောင်ယူဖို့ ထောက်ခံအားပေးသူများနဲ့ စပွန်ဆာများရဲ့ ဖိအားပေးတောင်းဆိုမှုတွေနဲ့ မကြုံစဖူးကြုံနေရတယ်လို့ သတင်းတစ်ရပ်က ဆိုပါတယ်။

နိုင်ငံတကာ ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၆ ရက် ဘန်ဂါဘန်ဒူ အမျိုးသားအားကစားပြိုင်ကွင်းကြီးမှာ ကျင်းပမယ့် အဲဒီဘောလုံးပွဲဟာ ဘင်္ဂလားဒေ့ရှ်မှာ ကျင်းပခဲ့သမျှ ဘောလုံးပွဲများအနက် အကြီးကျယ်ဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်လာမှာ ဖြစ်ပါတယ်။

တစ်နှစ်တာအတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား လီယွန်နယ်မက်ဆီက ဘောလုံးငွေကြယ်ပွင့်တွေ စီခြယ်ထားတဲ့ အာဂျင်တီးနားအသင်းကို ဦးဆောင်လာမှာဖြစ်သလို နိုက်ဂျီးရီးယားအသင်းကလည်း အင်အားတောင့်တင်းတဲ့ စူပါလင်းယုန်အဖြစ်နဲ့ ဒါကာကို ပျံသန်းလာမှာဖြစ်တယ်လို့ ဆိုပါတယ်။

"ပရိသတ်ရဲ့တုံ့ပြန်မှုက မကြုံစဖူး၊ စပွန်ဆာတွေရဲ့ စိတ်ဝင်စားမှုကလည်း ထူးထူးကဲကဲပါ"လို့ ပြိုင်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ အန်နဝါအူလ်ဟက်က သတင်းထောက်တွေကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဒေသခံမီဒီယာတွေရဲ့ အဆိုအရ ဘီအက်ဖ်အက်ဖ်က ဒီပြိုင်ပွဲနဲ့ ပတ်သက်သမျှ အခွင့်အလမ်းတွေကို ထုတ်ရောင်းချနေရာမှာ "ညစာစားပွဲတစ်ခု တက်ရောက်ခွင့်ကနေ ဘောလုံးအသင်းသားတွေကို အားကစားကွင်းအရောက် ဘတ်စ်ကားနဲ့ ပို့ဆောင်ခွင့်" အထိ ရောင်းချထားတယ်လို့သိရပါတယ်။

ဒေသအတွင်းက ပြိုင်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်းတစ်ခုက ဆိုရင် ထိုင်ခုံအရေအတွက် ၂၅၀ အထိ အများဆုံးပါဝင်ပြီး နှစ်ဖက်ဘောလုံးအားကစားသမားတွေ၊ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတွေ၊ စပွန်ဆာတွေနဲ့အတူ ထမင်းလက်ဆုံစားရမယ့် ညစာစားပွဲတက်ရောက်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ဝယ်ယူလိုက်ပြီလို့ ဆိုပါတယ်။

ညစာစားပွဲတက်ရောက်နိုင်တဲ့ ပရိသတ်တစ်ယောက်အဖို့ သီးသန့်အမှတ်တရပစ္စည်းတွေ၊ ဘောလုံးငွေကြယ်ပွင့်တွေရဲ့ အင်္ကျီတွေနဲ့ လက်မှတ်ထိုးထားတဲ့ ဓာတ်ပုံတွေကို ဝယ်ယူနိုင်တဲ့ အခွင့်အရေးလည်း ထပ်ရဦးမယ်လို့ဆိုပါတယ်။

ဒါ့အပြင် ဘင်္ဂလားဒေ့ရှ်ဘောလုံးအဖွဲ့ချုပ်ဟာ မက်ဆီ ဦးဆောင်တဲ့ အာဂျင်တီးနားဘောလုံးအသင်းကို သယ်ဆောင်လာမယ့်ကားရဲ့နောက်ကလိုက်ပါမယ့် အာဂျင်တီးနားအသင်း ပရိသတ်ကားမှာ ကြော်ငြာကပ်ခွင့်အတွက် ဒေသတွင်း စပွန်ဆာတစ်ဦးနဲ့ သဘောတူညီဖို့နီးစပ်နေပြီလို့ သိရပါတယ်။

ကမ္ဘာ့ချန်ပီယံနှစ်ကြိမ်ဖြစ်ခဲ့ဖူးတဲ့ အာဂျင်တီးနားဟာ ဘောလုံးကို သဲသဲမဲမဲအားပေးတဲ့ ဘင်္ဂလားဒေ့ရှ်ပရိသတ်ရဲ့ အသည်းစွဲပေါ်ပြူလာအသင်းဖြစ်သလို မာရာဒိုနာကနေ မက်ဆီအထိ အာဂျင်တီးနားဘောလုံးကြယ်ပွင့်တွေကိုလည်း စွဲစွဲလမ်းလမ်း နှစ်သက်မြတ်နိုးကြတယ်လို့ ဒေသခံမီဒီယာများက ဆိုပါတယ်။

အာဂျင်တီးနားအသင်းဟာ ဘင်္ဂလားဒေ့ရှ်ရဲ့ အိမ်နီးချင်း အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့မှာ ဗင်နီဇွဲလားအသင်းနဲ့ စက်တင်ဘာ ၂ ရက်မှာ ယှဉ်ပြိုင်ဖို့လည်း ရှိနေတယ်လို့ သိရကြောင်းပါခင်ဗျား။ ။

တစ်နှစ်တာ အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား လီယွန်နယ်မက်ဆီ။

ဇင်ထူး

ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို နေပြည်တော် အမှတ်(၂) အားကစားပြိုင်ကွင်း၌ ယနေ့ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်/ခရီးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဩဂုတ် ၂၃ရက် ပွဲစဉ်အဖြစ် ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနနှင့် လယ်ယာ/ ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပြည်ပထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၂

အိုင်ယာလန်နိုင်ငံ ကာလိုမြို့၌ ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ဘိလိယက်အဖွဲ့သည် ယမန်နေ့ည ၇ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အမှုဆောင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် ဘိလိယက်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးအောင်ကျော်ကျော်(ဦးစီးအရာရှိ၊ အား/ကာဦးစီးဌာန)၊အုပ်ချုပ်သူ ဦးအောင်လင်း (အမှုဆောင်၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်)၊ နည်းပြ ဒေါက်တာမင်းနိုင်၊ အားကစားသမားများအဖြစ် ကျော်ဦး(ရန်ကုန်မြို့တော်စည်ပင်)နှင့် နေသွေးဦး (လက်ရွေးစင်အားကစားသမား)တို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ဂေါက်သီးရိုက်အဖွဲ့၏ ဩဂုတ်လအတွက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။(ကြေးမုံ)

လမ်းပေါ်ရပ်ထားသည့် ထော်လာဂျီကို ရှောင်ရာမှ မော်တော်ယာဉ်ကြီးနှစ်စီး တိုက်မိ

ရေတာရှည် ဩဂုတ် ၂၂

ညအမှောင် ကားလမ်းပေါ်တွင် စက်ချွတ်ယွင်း၍ ရပ်ထားသော ထော်လာဂျီယာဉ်ကို အမှတ်မထင်ပွတ်တိုက်မိပြီး ရှေ့တူရူဘက်မှလာသည့် ယာဉ်ကိုပါ ဆင့်ကဲတိုက်မိသည့် ဖြစ်ရပ်တစ်ခု ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ တောင်ဘက်အထွက် ရန်ကုန်-မန္တလေးပုံမှန်ကားလမ်းပေါ်၌ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၆ ရက် နံနက် ၂ နာရီခွဲတွင် ရန်ကုန်-မန္တလေးကားလမ်း တံတားအမှတ်(၁/၂၀၁)၏ တောင်ဘက်ကိုက် ၃၀ ခန့်အကွာ လမ်းအရှေ့ဘက်ယာဉ်ကြော၌ ဆွာမြို့ (၆)ရပ်ကွက်နေ ယာဉ်မောင်း မင်းသိန်းဦး မောင်းနှင်သည့် ထော်လာဂျီယာဉ်အမှတ် ၄၅/ ၈၆၄၀ အပြာရောင်ယာဉ်မှာ စက်ချွတ်ယွင်း၍ လမ်းပေါ်တွင်ရပ်ထားခဲ့သည်။

အခင်းဖြစ်ချိန်တွင် တောင်မှမြောက်သို့ ယာဉ်မောင်း ဖိုးချို(၃၁)နှစ် (ဘ) ဦးတင့်ခိုင် တောင်ကြီးမြို့နေသူ မောင်းနှင်သည့် သံချောင်းတင် ၁၂ဘီးယာဉ်က ထော်လာဂျီယာဉ်ကိုအမှတ်မထင်တွေ့ရှိရာမှဝဲဘက်ခြမ်းကို ပွတ်တိုက်မိပြီး လမ်းအနောက်ဘက်ကို ဝိုက်၍ ရှောင်တိမ်းစဉ် မျက်နှာချင်းဆိုင်ဘက်မှယာဉ်မောင်းအောင်အောင် (၂၉)နှစ် ဆွာမြို့နေသူ မောင်းနှင်သည့် (၆)ဘီး အပြာရောင်ယာဉ်၏ ယာဘက်ခြမ်းကိုဝင်တိုက်မိခဲ့ပြီး တံတားအမှတ် (၁/၂၀၁) တံတားအနောက်ဘက် ကွန်ကရစ်ပေါင်ပေါ် တိမ်းစောင်းသွားခဲ့သည်။

ယာဉ်တိုက်မှုတွင် ယာဉ်မောင်းနှင်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိဟု သိရပြီး အမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဆွာရဲစခန်းက (ပ) ၇၇/၂၀၁၁ ပုဒ်မ ၂၇၉ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရ၍ ဆွာရဲစခန်းမှ စခန်းမှူး ရဲအုပ်သောင်းစံ၊ တာဝန်မှူး ဒု-ရဲအုပ်စိုးခိုင်၊ တပ်သား ဇေယျာလင်းနှင့် ရဲတပ်ဖွဲ့ဝင်များက ချက်ချင်းသွားရောက်၍ ကားလမ်းပိတ်ဆို့မှုမရှိစေရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။

(၅၇၈)

ရေတာရှည်မြို့နယ် ဆွာမြို့ တောင်ဘက် ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်းပေါ်တွင် ဖြစ်ပွားသည့် မော်တော်ယာဉ်ကြီး နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိပြီး တိမ်းစောင်းနေသည်ကို တွေ့ရစဉ်။

(၅၇၈)

တောင်သူလုပ်ခွင့်ရ ဧရိယာနှင့် မိုးစပါးမြေပြင်အမှန်စိုက်ဧရိယာစာရင်း ပြည်မြို့နယ်အတွင်း ကောက်ယူမှုအား ကွင်းဆင်းစစ်ဆေး

ပြည် ဩဂုတ် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ပြည်ခရိုင်၊ ပြည်မြို့နယ်တွင် တောင်သူလုပ်ခွင့်ရ ဧရိယာနှင့် မိုးစပါးမြေပြင်အမှန်စိုက်ဧရိယာ စာရင်းများကို ဩဂုတ် ၇ရက် နံနက် ၁၀ နာရီတွင် ဖြူးကုန်းကျေးရွာအုပ်စု၌ ကွင်းဆင်းစစ်ဆေးပြီး စာရင်းပြုစုသည်။

မြို့နယ်မြေစာရင်းဦးစီးဌာန ကွင်းဝန်ထမ်းများက ဖြူးကုန်းကျေးရွာတွင် တောင်သူလုပ်ခွင့်ရ ဧရိယာနှင့် မိုးစပါးမြေပြင် အမှန်စိုက်ဧရိယာစာရင်းများ ကောက်ယူနေမှုကို တိုင်းဒေသကြီး ဒုတိယမြေစာရင်းဦးစီးဌာနမှူး ဦးစောဝင်း၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးစိုးဝင်းနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းထွန်းတို့က ကွင်းဆင်းစစ်ဆေးပြီး စာရင်းပြုစုရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ (မြို့နယ်ပြန်/ဆက်)

မန္တလေးတက္ကသိုလ်၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

မန္တလေးတက္ကသိုလ်၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို
၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ ၂၃ရက်နေ့တွင် ကျင်းပသွားပါမည်။
မန္တလေးတက္ကသိုလ်ရှိ ကျောင်းသူ ကျောင်းသားဟောင်းတို့သည်
အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို
အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဒေါက်တာခင်ရွှေမြင့်၊ ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ် [illegible]
၂။ ဦးဝင်းအောင်၊ ပါမောက္ခချုပ် (ငြိမ်း) [illegible]
၃။ ဦးရဲမြင့်၊ ပါမောက္ခချုပ် (ငြိမ်း) [illegible]
၄။ ဦးစိုး၊ ပါမောက္ခချုပ် (ငြိမ်း) [illegible]
၅။ ဦးဝင်းအောင် (ကောလိပ်မြောက်ဖက်) [illegible]
၆။ ဒေါ်ခင်မြင့်မြင့် [illegible]

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ ၇လွှာ၊ ၁၆၆လမ်း၊ တာမွေမြို့နယ်နေ
ဦးဝင်းလှိုင်-ဒေါ်ကြင်အင်းတို့၏သားငယ်၊ ဒေါ်အေးအေးမော်၏တူသား
မောင်လှိုင်မင်းထွန်း B.C.Sc
Graduate Diploma in System Analyst-ISS (NUS)
နှင့်
ရန်ကုန်မြို့၊ ၁၃၅/၂၊ (၄)ရပ်ကွက်၊ အရှေ့ရန်ကင်းနေ
ဦးအေးလွင် [No.2 GHIE- စက်မှု(၂)]- ဒေါ်သန္တာလွင် [No 1. GHIE စက်မှု(၂)]တို့၏
သမီးငယ်
မယဉ်မင်းဖြူလွင် M.C.Sc (Thesis)
တို့သည် ၂၁-၈-၂၀၁၁ ရက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် လှိုင်မင်းထွန်း-ယဉ်မင်းဖြူလွင်

ယခင် မိတ္ထီလာဒေသကောလိပ် (၁၉၇၇ မှ ၁၉၈၂)
ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

နေပြည်တော် ဩဂုတ် ၂၂

ယခင်မိတ္ထီလာဒေသကောလိပ်တွင် ၁၉၇၇ ခုနှစ်မှ ၁၉၈၂ ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၁၅ရက်တွင် မိတ္ထီလာမြို့ မြို့တွင်း ဆုတောင်းပြည့်သာသနာ့ဗိမာန်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ဒေသကောလိပ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကန်တော့ခံယူပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကန်တော့ကြရန် ဖိတ်ကြားထားသည်။ အသေးစိတ်သိလိုပါက ဦးခင်မောင်ဆွေ(မိတ္ထီလာ) ဖုန်း-၀၆၄- ၂၃၃၈၅၊ ဒေါက်တာနေမျိုး (မန္တလေး) ဖုန်း-၀၂-၃၉၅၀၄၊ ဒေါ်မြင့်မြင့်သန်း (မိတ္ထီလာ) ဖုန်း-၀၉-၂၁၆၅၇၇၅၁၊ အင်ဂျင်နီယာ ဦးသန့်ဇင် (မိတ္ထီလာ) ဖုန်း-၀၉-၂၀၁၈၆၁၂နှင့် ဒေါက်တာဝင်းမောင် (ပျော်ဘွယ်) ဖုန်း-၀၉-၅၁၆၃၈၀၉တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဒေါ်မို့မို့အောင် (ရန်ကုန်) ဖုန်း-၀၁-၅၄၈၂၉၀၊ ဒေါ်ခင်မြတ်နွယ် (ရန်ကုန်) ဖုန်း-၀၁-၅၄၈၀၄၈၊ ဒေါ်အေးအေးဝင်း (မိတ္ထီလာ) ဖုန်း - ၀၆၄-၂၄၉၀၇၊ ဦးကျော်ရင် (ဝမ်းတွင်း) ဖုန်း-၀၆၄-၅၀၃၅၂၊ ဦးဆွေဝင်း (ကျောက်ပန်းတောင်း) ဖုန်း-၀၆၁-၅၁၆၄၅၊ ဒေါ်ချိုချိုစိန် (တောင်သာ) ဖုန်း-၀၆၆-၇၈၃၆၉၊ ဦးကျော်ကျော် (မြင်းခြံ) ဖုန်း-၀၆၆-၈၀၀၅၆၊ ဦးရွှေညို (တပ်ကုန်း) ဖုန်း-၀၆၇-၇၀၁၇၀နှင့် ဦးမောင်မောင် (ပျဉ်းမနား) ဖုန်း-၀၉-၄၃၀၇၅၉၆၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၂၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ မိသားစုများ၏ ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်အရ ဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၉နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝေဝေသာက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည်သင်တန်းပို့ချနေသည်ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် စိတ်ပါဝင်စားသူ သင်တန်းသူ စုစုပေါင်း၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဩဂုတ်၁၅ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ၄၅ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဝင်ငွေတိုး အစီအစဉ်

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ မိသားစုများ၏ ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်အရအခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) ဖွင့်လှစ်စဉ်။ (သတင်းစဉ်)

ဗျာည်းမှန်ဈေးနှုန်းမှန်အရည်အသွေးကောင်းမွန်သောတာယာနှင့်ဘက်ထရီအိုးများကိုယုံကြည်စိတ်ချစွာဝယ်ယူအားပေးကြပါ

ဝင်းတာယာနှင့်ဘက်ထရီရောင်းဝယ်ရေး

[illegible]

ဝယ်ယူရရှိနိုင်သောဘက်ထရီဆိုင်များ

NS 40ZL P	12V11P	35AH	N120	12V21P	120AH
NS 60LP	12V13P	45AH	N150	12V25P	150AH
N50Z/ZL	12V11P	60AH	N200	12V33P	200AH
N70/L	12V13P	70AH	G120	12V17P	85AH
N70Z/ZL	12V13P	70AH	DIN 75	12V15P	75AH
NS100/L	12V15P	80AH	DIN100	12V19P	88AH
N100	12V17P	100AH			

ဘက်စစ်ဘူထူးထည့်ရန်မလိုသောအိုးကြောက်များ

38B19L	12V11P	35AH
B60L	12V13P	45AH
80D26R/L	12V11P	65AH
D120R/L	12V15P	85AH
105D31R/L	12V17P	100AH

တာယာဆိုင်များ

5 % Discount

ဝယ်ယူရရှိနိုင်သောတာယာဆိုင်များ

155/80R12	185/65R14						
155/80R13	185/70R14	195/65R15	215/75R15	32X10.50R15	750X15	215/45ZR17	265/65R17
165/65R13	185/75R14	205/65R15	235/75R15	500X12	650X16	215/50ZR17	265/70R17
165/70R13	185/80R14	215/65R15	265/70R16	550X13	700X16	215/55ZR17	275/60R17
165/80R13	185/R14	205/70R15	265/75R16	600X13	750X16	225/50ZR17	225/45ZR18
165R13	195/70R14	215/70R15	275/70R16	600X14	825X16	225/55ZR17	275/70R18
175/70R13	195R14	225/70R15	285/75R16	650X14	1000X20	235/60R17	285/60R18
195/70R13	205/70R14	265/70R15	31X10.50R15	700X15	1100X20	265/60R17	285/65R18

သတင်းမီဒီယာများအပါအဝင် ပြည်သူများနှင့် နိုင်ငံတကာမှ ဝေဖန်အကြံပြုမှုများကို မိမိတို့ ခံယူကြရမည်

အတိတ်က သင်ခန်းစာများကိုရယူပြီး မျက်မှောက်ကာလ ဆောင်ရွက်သင့်သည်များကို ရဲရဲဝံ့ဝံ့ ညီညီညွတ်ညွတ် ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး၏ ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

ယနေ့ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၈၉ ဦးတို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မေးခွန်းများ၊ အဆိုများ၊ ဥပဒေများ တင်သွင်းဆွေးနွေးကြမည့် ကိုယ်စားလှယ်များအပြင် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စတုတ္ထမဏ္ဍိုင်မှ သတင်းဂျာနယ်၊ မီဒီယာများပါ ရောက်ရှိနေကြခြင်းကြောင့် ဒီမိုကရေစီ ပီပြင်စွာ ဖြစ်ထွန်းစေသော အင်္ဂါများ စုံညီစွာ ပါဝင်လာပြီဟု ပြောရမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာများအပါအဝင် အများပြည်သူများနှင့် နိုင်ငံတကာမှ ဝေဖန်အကြံပြုမှုများကိုလည်း မိမိတို့ ခံယူသွားကြရမည်ဖြစ်ကြောင်း။

ပါလီမန်က ဥပဒေပြုရေးနှင့် အုပ်ချုပ်မှုအာဏာ ရယူကျင့်သုံး ဆောင်ရွက်နေသည့် လုပ်နည်းစနစ်နှင့် မတူဘဲ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❐

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

ဥပဒေပြုရေးလုပ်ငန်းကို ပြည်သူ့အကျိုးစီးပွားရှုထောင့်ကကြည့်ပြီး အားစိုက်ခွန်စိုက်ဆောင်ရွက်

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သော အဆိုများကိုလည်း တင်သွင်း

နေပြည်တော် ဩဂုတ် ၂၂

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

ယနေ့အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၂၁၁ ဦးတို့ တက်ရောက်ကြသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှ မတ် ၂၃ ရက်အတွင်း ၁၄ ရက် ကျင်းပခဲ့ပြီး လွှတ်တော်တွင် ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၃၃ ခု မေးမြန်းခဲ့ကာ အဆို ၁၆ ခု တင်သွင်းခဲ့ကြောင်း၊ ထို့ပြင် လွှတ်တော်၌ အမြဲတမ်းကော်မတီ (၄) ရပ်ကို ဖွဲ့စည်းခဲ့ပြီး လိုအပ်ပါက အဆိုပါကော်မတီဝင်များဖြင့်ပင် ယာယီကော်မတီများ ဖွဲ့စည်းနိုင်သည်ဟု လွှတ်တော်က အတည်ပြုပေးခဲ့ကြောင်း၊ ထို့ကြောင့် ဥက္ကဋ္ဌအနေဖြင့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီကို **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။
(သတင်းစဉ်)